# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၈) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၅ |
| ၆ | (က) ဒေါ်ခင်မို့မို့အောင်၊ လသာ မဲဆန္ဒနယ်၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏ လုပ်ငန်းများအား အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်း ရှိ၊ မရှိ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့်အစိုးရအဆက်ဆက်တို့ကြား ထားရှိရေးထိုးခဲ့သည့် နားလည်မှု စာချွန်လွှာ (MoU)ပါ အချက်အလက်များနှင့် ပြန်လည်သုံးသပ်နေသည့် အခြေအနေအရပ်ရပ်ကို ပြည်သူများအား အသိပေးနိုင်ခြင်းရှိ၊ မရှိ တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | (ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားကာ ပြည်သူများကိုယ်စားတောင်းဆို အကြံပြုချက်များကို အလေးထား အကောင်အထည်ဖော်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |

အမျိုးသားလွှတ်တော်က အတည်ပြု၍ ပေးပို့လာသော “ကုန်းလမ်း
ပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိ
၈ ပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် အတည်ပြု ၁၅
ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော “ဥပဒေဆိုင်
၉ ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” နှင့် ၁၉
စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က တင်သွင်းသည့် “မွန်ပြည်နယ်၊
မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထား
သည့်တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး“ဗိုလ်ချုပ်အောင်ဆန်း”
၁၀ ၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား ၂၀
တိုက်တွန်းသည့်” အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက
ဆွေးနွေးခြင်း-

အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က
၁၁ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၉

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်
၁၂ မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၆၅
ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

**(၁၈)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၄–၃–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်ခင်မို့မို့အောင်၊ လသာ မဲဆန္ဒနယ်၏ **၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏ လုပ်ငန်းများအား အများပြည်သူ သိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်း ရှိ၊ မရှိ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအဆက်ဆက်တို့ကြား ထားရှိရေးထိုး ခဲ့သည့် နားလည်မှု စာချွန်လွှာ(MoU)ပါ အချက်အလက်များနှင့် ပြန်လည်သုံးသပ်နေသည့် အခြေအနေအရပ်ရပ်ကို ပြည်သူများအား အသိပေးနိုင်ခြင်းရှိ၊ မရှိ တို့ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားကာ ပြည်သူများ ကိုယ်စား တောင်းဆို အကြံပြုချက်များကို အလေးထား အကောင်အထည် ဖော်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က အတည်ပြု၍ ပေးပို့လာသော **"ကုန်းလမ်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က တင်သွင်းသည့် **"မွန်ပြည်နယ်၊ မော်လမြိုင် မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး "ဗိုလ်ချုပ်အောင်ဆန်း"၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ခ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဂ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဃ) ဗိုလ်မှူးဇော်ဇော်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

(င) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(စ) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၊

(ဆ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၊

(ဇ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ဈ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(ည) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဋ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၊

(ဌ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၊

(ဍ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(ဎ) ဒေါ်ဝင့်ဝါထွန်း၊ ရွာတော မဲဆန္ဒနယ်၊

(ဏ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
## (၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၀၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထား တဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

**မူကြမ်း**

(၂) ပိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၃ ရက်၊

(၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၄) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၂ ရက်၊

(၅) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၄ ရက်၊

(၆) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၂ ရက်၊

(၇) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၄ ရက်၊

(၈) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၄ ရက်၊

(၉) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၁၀) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၁၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၄ ရက်၊

(၁၃) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၁၄) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၄ ရက်၊

(၁၅) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊

(၁၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၄ ရက်၊

(၁၇) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၈) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊

(၁၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၄ ရက်၊

(၂၀) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၂၁) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၂၂) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၃) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၂၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်၊

(၂၅) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၄ ရက်၊

(၂၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၂ ရက်၊

**မူကြမ်း**

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်ဝင်း ခွင့် ၄ ရက်၊

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ခွင့် ၄ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၄ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွန်း ခွင့် ၄ ရက်၊

(၃၂) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၃၃) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၃ ရက်နှင့်

(၃၄) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားထားသူ ၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏လုပ်ငန်းများအား အများပြည်သူ သိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်းရှိ/မရှိ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရ အဆက်ဆက်တို့ အကြား ထားရှိရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ(MOU)ပါ အချက်အလက်များနှင့် ပြန်လည် သုံးသပ်နေသည့်အခြေအနေအရပ်ရပ်ကို ပြည်သူများအား အသိပေးနိုင်ခြင်းရှိ/မရှိတို့ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မို့မို့အောင်(လသာမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန် တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မို့မို့အောင် ဖြစ်ပါတယ်။ ကျွန်မဒီနေ့မေးမယ့်မေးခွန်းကတော့ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အခြေခံအဆောက်အဦ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနေကြသော နိုင်ငံခြားရင်းနှီးမြှုပ်နှံလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သည့် မေးခွန်းဖြစ်ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်ပမာဏရှိ လုပ်ငန်းများအား အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်းရှိ/မရှိသိလိုပါသည်။ ထို့အပြင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရ အဆက်ဆက်တို့အကြားထားရှိရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MOU)အချို့ကို ပြန်လည်သုံး သပ်နေသည်ဟု ကြားသိရပါသည်။ အဆိုပါပြန်လည်သုံးသပ်နေသော နားလည်မှုစာချွန်လွှာပါ အချက် အလက်များနှင့် ပြန်လည်သုံးသပ်နေသည့်ဖြစ်စဉ်နှင့် အခြေအနေအရပ်ရပ်ကို ပြည်သူလူထုအား အသိပေးနိုင်ခြင်းရှိ/မရှိသိလိုသောမေးခွန်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရသည် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့

အတွက်အားသွန်ခွန်စိုက်ကြိုးပမ်းနေပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စွမ်းအင်ထုတ်လုပ်ခြင်းနှင့် နိုင်ငံတော်၏အခြေခံအဆောက်အဦများ အားကောင်းလာရန် ဆောင်ရွက်ခြင်းတို့မှာ အရေးပါပါသည်။ ထိုသို့အရေးပါသည့်စီမံကိန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် နိုင်ငံတော်ကချမှတ်သည့် စီမံကိန်းများ၏ အသီးအပွင့်များကို ခံစားရရှိနိုင်ရေးက ပိုမိုအရေးပါပါသည်။ ထို့အပြင် နိုင်ငံတော်၏သဘာဝပတ်ဝန်းကျင် မထိခိုက်မပျက်စီးရေးသည်လည်း မဖြစ်မနေထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်သည်။ သို့သော် ယခင်အစိုးရအဆက်ဆက်တွင် နားလည်မှုစာချွန်လွှာ(MOU) ရေးထိုးခဲ့ကြသည့် စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အခြေခံအဆောက်အဦကဏ္ဍမှ အကြီးစားလုပ်ငန်းစုအများစုအကြောင်းကို ဒေသခံပြည်သူလူထုအား အသိပေးတိုင်ပင်ခဲ့ခြင်းမရှိသည့်အပြင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အမျိုးမျိုးသောအားနည်းချက်များကြောင့် ပြည်သူအများ ကန့်ကွက်ခဲ့ကြသည်ကို ကျွန်မတို့လေ့လာတွေ့ရှိနိုင်ပါတယ်။ ဥပမာ-မြစ်ဆုံစီမံကိန်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ လောင်းလုံရေနံချက်စက်ရုံ၊ ရွှေဓာတ်ငွေ့ပိုက်လိုင်း၊ အဆိုပြုထားတဲ့ မိုင်းတုံရေကာတာလုပ်ငန်းများဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ သဘောထားများ ရယူမှုမရှိခြင်း၊ လုံလောက်သောတိုင်ပင်နှီးနှောမှုမရှိခြင်း၊ မြေယာသိမ်းဆည်းမှုများ ရှိနေခြင်း၊ အခွင့်အလမ်းများဖန်တီးပေးနိုင်မှုမရှိခြင်း၊ တာဝန်ယူ၊ တာဝန်ခံမှုမရှိခြင်းတို့ကြောင့် အများပြည်သူကန့်ကွက်ခြင်းခံနေရသည့် စီမံကိန်းများဖြစ်ပါသည်။ အဆိုပါစီမံကိန်းများကို ပြည်သူလူထုက ကန့်ကွက်ဆန္ဒပြနေသည့်အခြေအနေသည် လက်ရှိတာဝန်ထမ်းဆောင်နေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား အကျပ်အတည်းဆိုက်ရောက်နေစေပါသည်။ ဒေသခံပြည်သူလူထုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားကိုမဖြစ်ထွန်းစေနိုင်သည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့်စီမံကိန်းများကို ဆန့်ကျင်ကန့်ကွက်ရမည်မှာ အမှန်ဖြစ်သော်လည်း စီမံကိန်းများကို ခိုင်မာမှန်ကန်သည့် သက်သေအထောက်အထားများမရှိဘဲ ဆန့်ကျင်ကန့်ကွက်နေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ဖွံ့ဖြိုးရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နှစ်နိုင်ငံရင်းနှီးချစ်ကြည်ရေး၊ ကုန်သွယ်ရေးများကို ဆိုးရွားစွာထိခိုက်စေနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားကုမ္ပဏီများအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဒေသခံပြည်သူလူထုတို့အတွက် မျှတလက်ခံနိုင်သည့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်နည်းလမ်းများမှာ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာမှ

ကုမ္ပဏီများအကြားလုပ်ကိုင်ဆောင်ရွက်ကြမည့် စီမံကိန်းများကို ပြည်သူလူထုအား ပွင့်ပွင့်လင်းလင်း အသိပေးတိုင်ပင်ပြီး နားလည်မှုစာချွန်လွှာပါ အချက်အလက်များကိုလည်း ဒေသခံပြည်သူလူထုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ပြည်တွင်းပြည်ပပညာရှင်များသိရှိနိုင်အောင် စနစ်တကျဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ခြင်းဖြစ်သလို လက်ရှိတာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အခက်အခဲများကိုလည်း ကူညီဖြေရှင်းပေးရာ ရောက်ပါမည်။

သို့ဖြစ်ပါ၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်ပမာဏရှိ လုပ်ငန်းများအကြောင်းကို အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်းရှိ/မရှိသိလိုပါသည်။ ထို့အပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်းရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာများကို ဝန်ကြီးဌာနမှပြန်လည်သုံးသပ်ရာတွင်တွေ့ရှိရသည့် အချက်အလက်များနှင့် အကန့်အသတ်များကို ပြည်သူလူထုအား အသိပေးတိုင်ပင်နိုင်ခြင်းရှိ/မရှိသိရှိလိုပါသဖြင့် အထက်ပါမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မို့မို့အောင်၏ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်ပမာဏရှိလုပ်ငန်းများအား အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်းရှိ/မရှိ၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအဆက်ဆက်တို့အကြားထားရှိရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ(MOU)အချို့ကို ပြန်လည်သုံးသပ်နေသည်ဟု ကြားသိရပါသဖြင့် ပြန်လည်သုံးသပ်နေသော နားလည်မှုစာချွန်လွှာ(MOU)ပါ အချက်အလက်များနှင့် ပြန်လည်သုံးသပ်နေသည့်ဖြစ်စဉ်နှင့် အခြေအနေအရပ်ရပ်ကို ပြည်သူများအား

အသိပေးနိုင်ခြင်းရှိ/မရှိတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးမြန်းချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုပြီးတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် အမေရိကန် ဒေါ်လာသန်း ၅၀၀ ကျော် ပမာဏရှိသည့်လုပ်ငန်းများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာတစ်ခုရှိပါတယ်။ တရုတ်နိုင်ငံက Upstream Ayeyarwaddy Confluence Basin Hydropower Co. Ltd (Chipwe) ဖြစ်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဝင်ရောက်ခဲ့ခြင်းမရှိပါဘူး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းနှစ်ခု ရှိပါတယ်။ မလေးရှားနိုင်ငံမှ Tan Chong Motor(Myanmar)Co.,Ltd ဖြစ်ပြီး လုပ်ငန်းအမျိုးအစားကတော့ မော်တော်ကား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှ Ooredoo Myanmar Limited ဖြစ်ပြီး လုပ်ငန်းအမျိုးအစား Mobile and Fixed Line Telecommunication Services ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စင်ကာပူနိုင်ငံမှ KDDI Summit Global Myanmar Co., Ltd ဖြစ်ပြီး လုပ်ငန်းအမျိုးအစားကတော့ Telecommunications Services and Related Activities ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တရုတ်နိုင်ငံမှ Longwin Global Petrochemical Co., Ltd၊ လုပ်ငန်းအမျိုးအစား တစ်နှစ်လျှင် မက်ထရစ်တန်ငါးသန်းခန့်ထွက်ရှိမည့် ရေနံချက်စက်ရုံနှင့် ရေနံတင်/ချ ဆိပ်ကမ်းတည်ဆောက်၍ ရေနံထွက်ပစ္စည်းများတင်ပို့ရောင်းချမည့်လုပ်ငန်းဖြစ်ပါတယ်။

အထက်ဖော်ပြပါ လုပ်ငန်းများသာမက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပြီးသောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကုမ္ပဏီအမည်စာရင်း၊ ရင်းနှီးမြှုပ်နှံမှုလစဉ်ဝင်ရောက်မှုအခြေအနေတို့နှင့် ပတ်သက်သည့်ကဏ္ဍအလိုက်၊ နိုင်ငံအလိုက်အချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ Website ဖြစ်သည့် www.dica.gov.mm မှာ အများပြည်သူသိရှိနိုင်စေရန် ပုံမှန်လွှင့်တင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ်အလိုက်ခွင့်ပြုခဲ့တဲ့ လုပ်ငန်းများကိုလည်း ၂၄ နာရီအတွင်းမှာ အများပြည်သူသိရှိနိုင်ရန် လွှင့်တင်ပေးလျက်ရှိပါတယ်။ ထို့အပြင် အပတ်စဉ် ရင်းနှီးမြှုပ်နှံမှုစာရင်းများကိုလည်း Websiteမှာ ဖော်ပြပေး

ထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုသတင်းအချက်အလက်များနှင့် ပတ်သက်ပြီးတော့ မီဒီယာများက မေးမြန်းချက်များကိုလည်း စဉ်ဆက်မပြတ်ဖြေကြားပေးခြင်းနှင့် အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းများကိုလည်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနဲ့ အစိုးရအဆက်ဆက်တို့အကြားမှာ ထားရှိရေးထိုးခဲ့တဲ့ နားလည်မှု စာချွန်လွှာ(MOU)တချို့ကို ပြန်လည်သုံးသပ်နေသည်ဟု(MOU)အချို့ကို ပြန်လည်သုံးသပ်နေသည်ဟု ကြားသိရပါသဖြင့် ပြန်လည်သုံးသပ်နေတဲ့ နားလည်မှုစာချွန်လွှာ(MOU)ပါ အချက်အလက်များနှင့် ပြန်လည်သုံးသပ်နေသည့်ဖြစ်စဉ်နှင့် အခြေအနေအရပ်ရပ်ကို ပြည်သူများအား အသိပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားချက်ကိုပိုမိုပြည့်စုံစေရန်နှင့် ပြည်ထောင်စုဝန်ကြီး ဌာနရှစ်ခုကို အချက်အလက်များတောင်းခံခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်က ၂၀၁၆ ခုနှစ်အတွင်း သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် လက်မှတ် ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ(MOU)များမရှိပါကြောင်းနှင့် ကျန်ဝန်ကြီးဌာနငါးခုက နိုင်ငံတ ကာ ရင်းနှီးမြှုပ်နှံသူများနှင့် လက်မှတ်ရေးထိုးခဲ့တဲ့ နားလည်မှုစာချွန်လွှာ(MOU) စုစုပေါင်း ၁၀၁ ခု ပြန်လည်သုံးသပ်နေသည့် နားလည်မှုစာချွန်လွှာ(MOU)များမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှလေးခုနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၅၆ ခု စုစုပေါင်း ၆၀ ခုရှိကြောင်း ပြန်ကြား လာကြပါတယ်။ ၎င်းတို့ကို နောက်ဆက်တွဲ(က)နှင့် ယခုတင်ပြထားတဲ့အတိုင်း ဖော်ပြထားပါတယ်။

နားလည်မှုစာချွန်လွှာ(MOU)များကို လက်မှတ်မရေးထိုးမီ သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြပြီးတော့ လက်မှတ်ရေးထိုးကြခြင်းဖြစ်ပါတယ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေဇယား(၁)မှာ ပြဋ္ဌာန်းထားတဲ့ စာချုပ်များနဲ့ သဘောတူညီချက် များကို ယင်းဥပဒေပုဒ်မ ၅၉ အရ နိုင်ငံတော်သမ္မတက လွှတ်တော်ရဲ့သဘောတူညီချက်ရယူရန် တင်ပြရပါတယ်။ ဇယား(၂)မှာ ဖော်ပြပါရှိတဲ့စာချုပ်များနဲ့သဘောတူညီချက်များကိုမူ နိုင်ငံတော် သမ္မတရဲ့အတည်ပြုချက်ဖြင့် ဆောင်ရွက်ပါတယ်။ ပြန်လည်သုံးသပ်ခြင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် သုံးသပ်ဆောင်ရွက်ကြခြင်းဖြစ်ပြီး ပြန်လည်သုံးသပ်နေသည့်ဖြစ်စဉ်နှင့် အခြေအနေအရပ်ရပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်သူများသိရှိနိုင်ရန် ဆောက်လုပ်ရေး

ဝန်ကြီးဌာန Website ကိုဖော်ပြထားကြောင်း၊ ကျန်ဝန်ကြီးဌာနများအနေဖြင့် စိစစ်သုံးသပ်ဆဲဖြစ်ကြောင်း၊ ၎င်းဝန်ကြီးဌာနများကို ပြန်လည်သုံးသပ်နေသည့်ဖြစ်စဉ်နှင့်အခြေအနေအရပ်ရပ်ကို ပြည်သူများအား သိရှိနိုင်ရန် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ၊ ဆောင်ရွက်နိုင်က ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကတစ်ဆင့် အကြောင်းကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားကာ ပြည်သူများကိုယ်စား တောင်းဆိုအကြံပြုချက်များကို အလေးထားအကောင်အထည်ဖော်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်း အစည်းအဝေးတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေကိုဖိတ်ကြားပြီးတော့ ပြည်သူများရဲ့လိုအပ်ချက်တွေကို တောင်းဆိုအကြံပြုချက်တွေကို အကြံပြုပေးနိုင်ပါရန်အတွက် စီစဉ်ထားတဲ့အခြေအနေနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးသွားမယ့် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးဖြစ်ပါတယ်ရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ အရ မြို့နယ်အတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ စီမံကိန်းများဆိုင်ရာ အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူ့သဘောထားဆန္ဒဖော်ဆောင်ရာတွင်းလည်းကောင်း၊ အာဏာပိုင်အဖွဲ့အစည်းဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်တဲ့ပုဂ္ဂိုလ်များလို့ ဖော်ပြထားပေမဲ့လည်းလက်တွေ့မှာတော့ မြို့နယ်အများစုမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများစီစဉ်ဆောင်ရွက်ခြင်းကိစ္စ၊ ဘတ်ဂျက်လျာထားရေးကိစ္စတွေ စီမံကိန်းအကောင်အထည်ဖော်တဲ့ကိစ္စတွေဟာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဒီမိုကရေစီနည်းမကျခြင်း၊ ပြည်သူပါဝင်ဖို့နေနေသာသာ ပြည်သူရွေးထားတဲ့ကိုယ်စားလှယ်တွေတောင် ပါဝင်ခွင့်မရရှိခြင်းတို့ကြောင့်မို့လို့ လုပ်ငန်းလိုအပ်ချက်နဲ့စီမံကိန်းကွာဟချက်တွေဖြစ်နေတာ၊ မြေပြင်မှာဆောင်ရွက်ထားတွေနဲ့ ကွဲလွဲချက်တွေဖြစ်နေတာမျိုးတွေ ကိုယ်စားလှယ်ရဲ့အကြံပြုချက်တွေထည့်သွင်းတာမျိုးတွေရှိတဲ့အခါမှာ ကျွန်မတို့လက်ရှိကျလာတဲ့ ဘတ်ဂျက်တွေအလွဲတွေတွေ့နေရတဲ့အတွက်

ကြောင့်မို့လို့ မေးရခြင်းဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံးပြုပြီး ရှင်းလင်းခွင့် ပြုပါရှင်။ ကျွန်မတို့ကျောက်တန်းမှာဆိုရင် ချောင်းမြောင်းတွေတိမ်ကောတဲ့အတွက်ကြောင့် ရေစီးရေလာ မကောင်းလို့ စိုက်ပျိုးသီးနှံတွေပျက်စီးတဲ့အတွက်ကြောင့်မို့လို့ ရွာတိုင်းနီးပါးမှာရှိတဲ့ တောင်သူတွေက ဒီချောင်းမြောင်းတွေကို နဂိုမူလပုံစံဖြစ်အောင်တူးဖော်ပေးဖို့အတွက် တောင်းဆိုကြပါတယ်။ ကျွန်မတို့ဟာ ဒီဆည်မြောင်းမှာရှိတဲ့တာဝန်ရှိသူတွေနဲ့အတူ ကွင်းဆင်းစစ်ဆေးပြီးတဲ့အခါ ကွင်းဆင်းစစ်ဆေး ပြီးလေ့လာတဲ့အခါမှာလည်း ဆည်မြောင်းကတာဝန်ရှိတဲ့သူတွေကို ဒါကိုဘယ်လိုဖြေရှင်းလို့ရလဲ ဆိုတော့ ဆည်မြောင်းကတာဝန်ရှိတဲ့သူတွေက ဘယ်ချောင်းတွေ၊ ဘယ်ချောင်းတွေ တူးရင်တော့ဒါတွေ ပြေလည်သွားမယ်ဆိုတဲ့ကိစ္စကိုပြောပါတယ်။ ပြီးတော့ ဒီမြို့နယ်တစ်မြို့နယ်လုံး အတွက်ဆိုရင် မြေတူး စက်သုံးခုရှိတယ်ဆိုရင်တောင် ဒါတွေအကုန်လုံးဖြေရှင်းနိုင်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့လည်း ကျွန်မတို့ ရန်ကုန်တောင်ပိုင်းခရိုင်တစ်ခုလုံးမှာမှ မြေတူးစက်ကသုံးခုပဲရှိပါတယ်။ သုံးစီးပဲရှိပါတယ်။ ဒါဆိုရင် ဒီဟာတွေကို ဘယ်အခါမှာ ဘယ်လိုဖြေရှင်းပေးမလဲဆိုတော့ ထုံးစံအတိုင်းပဲ ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးမယ်လို့ပြောပါတယ်။ တကယ်တမ်းကျတော့ စီမံကိန်း ဘတ်ဂျက်တွေပြန်ကျလာတဲ့အခါမှာ ကြည့်လိုက်တော့ ကျွန်မတို့ပြည်သူတောင်းဆိုထားတဲ့အမှန် တကယ်အရေးတကြီးလုပ်ပေးရမယ့် ဒီချောင်းတူးခြင်းကိစ္စတွေပါမလာဘဲနဲ့ သန်းပေါင်းတစ်သောင်း လေးထောင်လောက်ကို အသုံးပြုပြီးလုပ်တဲ့ ပါရော၀ရေတံခါးဆိုတဲ့ စီမံကိန်းမျိုးပါလာတယ်။ အရင် ဝန်ကြီးဟောင်းက ညွှန်ကြားထားလို့ အရင်အစိုးရခေတ်မှာ တင်ပြထားတာကို အခုမှကျလာတာ လို့ပြောပါတယ်။ ကျွန်မတို့တစ်ယောက်မှ မသိရပါဘဲနဲ့ ပြည်သူလည်းတောင်းဆိုထားခြင်း မရှိပါဘဲနဲ့ ဒီလောက်များပြားတဲ့ပမာဏနဲ့ တည်ဆောက်ရတဲ့ဥစ္စာ ကျွန်မတို့အတွက် ဒီဘတ်ဂျက်ကျလာ ခြင်းဟာ ကျွန်မကတို့ပြည်သူက ရင်တောင်ပိုမောပါသေးတယ်။ ပါရော၀ချောင်းကိုတူးလိုက်မယ်ဆိုရင် ရေကျော် ကြာခံ၊ ကန်ပြောင်ချောင်းစုတ်ဆိုတဲ့ကျေးရွာတွေဟာ ရေကြီးနစ်မြုပ်မှုတွေ သက်သာသွားမယ်ဆိုလို့ ဆည်မြောင်းတင်ပြထားတာပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီချောင်းတူးခြင်းကိစ္စအစား ရေတံခါး ကိစ္စကို ကျပ်သန်းပေါင်း တစ်ထောင့်လေးရာအသုံးချပြီးတော့မှ တည်ဆောက်ဖို့အတွက် ကျလာ ပါတယ်။ ကျွန်မတို့ရဲ့ဘေးမှာရှိတဲ့ သုံးခွမြို့မှာဆိုရင် ရေတံခါးကြောင့်ပဲ ပြည်သူတွေဒုက္ခ ရောက်တဲ့ အတွက်ကြောင့်မို့လို့ ဒီစီမံကိန်းကျလာတဲ့အခါ ကျွန်မတို့ပြည်သူက ဝမ်းသာရမယ့်အစား စိုးရိမ်ပူပန်မှု တွေဖြစ်ပါတယ်။ ချောင်းသာတူးမယ်ဆိုလို့ရှိရှင် ပေ ၈၅၀၀ ကို ၂၉ သန်းပဲကုန်ပါမယ်။ ဒါတောင်မှ

ဒီဌာနဆိုင်ရာယန္တရားနဲ့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီထက်လေးဆတောင်သက်သာဦးမယ် ဖြစ်ပါတယ်။ ဒီသန်းထောင့်လေးရာဆိုတာက မြေတူးစက်ကြီး ၁၀ စီးလောက်တောင်ဝယ်လို့ရတာ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူဟာ တောင်းဆိုထားတာမရဘဲနဲ့ ဒီလိုမျိုးငွေ (Amount) အများကြီး အသုံးပြုပြီးမှ ဒီလိုစီမံကိန်းရတဲ့အခါမှာ ကျွန်မတို့ရဲ့ ပြည်သူရဲ့ယုံကြည်မှုတွေလည်းကျသွားစေပါတယ်။ ဒီပြည်သူရဲ့လိုအပ်ချက်နဲ့ကျလာတဲ့ စီမံကိန်းတွေ လွဲချော်မှုမဖြစ်စေဖို့အတွက် ပြည်သူအမှန်တကယ်လိုအပ်တာတွေကို ပြည်သူ့ကိုယ်စား ကျွန်မတို့ ကိုယ်စားလှယ်တွေအားလုံးက ပူးပေါင်းပြီးတော့ ဆွေးနွေးတိုင်ပင်ခွင့်ရနိုင်ဖို့အတွက် ကျွန်မတို့ရဲ့မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်တဲ့အခါမှာ သက်ဆိုင်ရာကိုယ်စားလှယ်တွေကိုပါ ဖိတ်ကြားပြီးတော့မှ ဆောင်ရွက်ဖို့အတွက်ကို စီစဉ်ဆောင်ရွက်ပေးဖို့အတွက် စီမံထားတဲ့ဟာတွေကို မေးမြန်းရတာပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ခက်ခက်ခဲခဲခွဲဝေအသုံးချရတဲ့ ဘဏ္ဍာငွေတွေက အလေအလွင့်မရှိဖို့ရန်အတွက်ကို စီမံဆောင်ရွက်ထားတဲ့အပေါ်မှာ ရှင်းလင်းပေးဖို့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၏ မြို့နယ်အသီးသီးတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းကိစ္စ၊ ဘတ်ဂျက်လျာထားရေးဆွဲဆုံးဖြတ်ခြင်းကိစ္စ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကိစ္စရပ်များ ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဒီမိုကရေစီနည်းလမ်းမကျခြင်း၊ ပြည်သူပါဝင်ရန်မဆိုထားနှင့် ပြည်သူရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များပင် ပါဝင်ခွင့်မရရှိခြင်းတို့ကြောင့် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ အစည်းအဝေးများမှာ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားကာ ပြည်သူများကိုယ်စား တောင်းဆိုအကြံပြုချက်များကို အလေးထားအကောင်အထည်ဖော်ပါရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း၊ မေးမြန်းခြင်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာ

ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသည့် မြို့နယ်စီမံကိန်းများဟာ ပြည်ထောင်စု ကအကောင်အထည်ဖော်ဆောင်ရွက်တဲ့ ကဏ္ဍအလိုက်စီမံကိန်းများမှာ ပါဝင်နိုင်သကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များက အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ဒေသန္တရစီမံကိန်းများမှာလည်း ပါဝင်နိုင်ပါ ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များက စီမံကိန်းလုပ်ငန်းများအလိုက် မြို့နယ်အသီးသီးမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ဖို့ ၎င်းတို့ ရဲ့စီမံကိန်းနဲ့ကိုက်ညီတဲ့ အသုံးစရိတ်များကို သက်ဆိုင်ရာဘတ်ဂျက်များမှာ ထည့်သွင်းရေးဆွဲကြပါ တယ်။ နိုင်ငံတော်ရဲ့မူဝါဒရည်မှန်းချက်များကို အခြေခံပြီး ဝန်ကြီးဌာနများရဲ့ မူဝါဒရည်မှန်းချက်၊ ဒေသ ရဲ့မူဝါဒရည်မှန်းချက်များနှင့်အညီဖြစ်စေရန်နှင့် ပြည်သူကိုလက်တွေ့အကျိုးပြုနိုင်မယ့် စီမံကိန်းများ ဖြစ်စေရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသန္တရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများက ပူးပေါင်းပါဝင်၍ ဆောင်ရွက်ရန်လိုအပ်သည်မှာ မှန်ကန်ပါတယ်။ ပြည်ထောင်စုမှာ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ စီမံကိန်းကော်မရှင်ကို ဖွဲ့စည်းထားသကဲ့သို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များမှာလည်း သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေဘဲ ပြည်သူတို့ရဲ့လူမှုစီးပွားဘဝကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေမယ့် လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြုပေးနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းကော်မရှင်များကို နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၆)ဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။ ထိုကော်မရှင်ရဲ့လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေးကော်မတီများကိုလည်း နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၆)ဖြင့် ဖွဲ့စည်းပေးထားပါတယ်။

ထို့အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းကိစ္စ၊ စီမံကိန်းရေးဆွဲအကောင်အထည် ဖော်ရေးကိစ္စ၊ ဘတ်ဂျက်လျာထားရေးဆွဲခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် ဒီမိုကရေစီနည်းလမ်းတကျရှိရန်အတွက် ဒေသခံပြည်သူများရဲ့ တင်ပြဆွေးနွေးမှုများ ပူးပေါင်းပါဝင် လာစေရန် ခရိုင်၊ မြို့နယ်အသီးသီးမှာလည်းပဲ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများကိုလည်း အသစ်ဖွဲ့စည်းပေးထားပါတယ်။ ယခုလက်ရှိဖွဲ့စည်းပေးထားပြီးဖြစ်တဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများအနေ နဲ့ ယခင်က ယခုလို ပြည်သူများပါဝင်ခွင့်မရခဲ့ဘဲ ပထမဦးဆုံးအကြိမ် ပြည်သူများပါဝင်၍ စတင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ချို့ယွင်းချက်အနည်းငယ်ရှိကောင်းရှိနိုင်ပါတယ်။ ယခုအစိုးရသည်

ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်တာနဲ့အညီ ပြည်သူကိုဗဟိုပြုပြီးတော့ စီမံကိန်းများ ရေးဆွဲခြင်းကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နေရာဒေသများစွာမှာလည်း ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် ပါဝင်ရေးဆွဲနေကြောင်း သိရပါတယ်။ ထိုကော်မတီများမှာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌ၊ ခရိုင်၊ မြို့နယ်စီမံကိန်းမှူးများက အတွင်းရေးမှူးအဖြစ်ပါဝင်ပြီး သက်ဆိုင်ရာဌာနများအပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေတဲ့ ရပ်မိရပ်ဖကိုယ်စားလှယ်တစ်ဦး၊ လယ်ယာစက်မှုဝန်ဆောင်မှု စတဲ့ ပုဂ္ဂလိကကဏ္ဍတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်နေတဲ့အပြင် ကော်မရှင်ကလည်း လိုအပ်ရင်လိုအပ်သလို ထပ်မံဖြည့်စွက်ဖွဲ့စည်းနိုင်အောင် ခွင့်ပြုပေးထားပါတယ်။ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီရဲ့လုပ်ငန်းတာဝန်များမှာ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမယ့် ဒေသအလိုက်ဦးစားပေးစီမံကိန်းများ၊ လက်တွေ့အခြေအနေနှင့်ဆီလျော်မယ့်လုပ်ငန်းများအတွက် အစီအမံများကို ထည့်သွင်းဆောင်ရွက်ရန် သတ်မှတ်ပေးထားပြီးဖြစ်ပါတယ်။ သို့ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအဆင့်ဆင့်တို့အနေဖြင့် စီမံကိန်းရေးဆွဲရေးညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ကြရာမှာ အချို့ဒေသများမှာ လွှတ်တော်ကိုယ်စားလှယ်များကို အထူးဖိတ်ကြားပြီး အကြံပြုချက်များ ရယူဆောင်ရွက်ကြောင်း သိရှိရပါတယ်။ ချမှတ်ထားတဲ့မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီအနေနဲ့ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီအနေနဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ အစည်းအဝေးခြောက်ကြိမ်ကျင်းပခဲ့ပါတယ်။ ၇-၇-၂၀၁၆ ရက်နေ့မှာကျင်းပခဲ့တဲ့ ၁/၂၀၁၆ အစည်းအဝေးအတွင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ်တို့အပြင် မြို့မိမြို့ဖနှစ်ဦးနှင့် ဆန်စက်လုပ်ငန်းရှင်များ ဥက္ကဋ္ဌပါဝင်တက်ရောက်ခဲ့ကြောင်း၊ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်းပြီးတော့ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း တွေ့ရှိရပါတယ်။ အလားတူပဲ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၆)မှာ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီးတော့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၆)နှင့် (၆/၂၀၁၆)

တို့မှာ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်းသိရှိရပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ ယခုအချိန်အထိ ကျောက်တန်းမြို့နယ်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည် ဖော်ရေးကော်မတီအနေနဲ့ အစည်းအဝေးသုံးကြိမ်ပြု လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ၃-၂-၂၀၁၇ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ (၂/၂၀၁၇)ကြိမ်မြောက်အစည်းအဝေးမှာ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း၊ ထို့အပြင် ၃-၃-၂၀၁၇ ရက်နေ့မှာပြုလုပ်ခဲ့တဲ့ (၃/၂၀၁၇)ကြိမ်မြောက်အစည်းအဝေးမှာ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများအပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ်များပါတက်ရောက်ပြီးတော့ စီမံကိန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းပြီး အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ လက်ရှိဖွဲ့စည်းထားပြီးဖြစ်တဲ့ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အခြေခံကျတဲ့မူဝါဒနှင့်အတူ ပြည်သူကိုဗဟိုပြုရေးကို ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ရဲ့အသံနှင့် ပြည်သူ့ရဲ့ဆန္ဒများကို ပိုမိုသိရှိနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးအစည်းအဝေး များ ပြုလုပ်တဲ့အခါမှာ အထူးဖိတ်ကြားပြီးတော့ ဆွေးနွေးအကြံပြုချက်များကိုလည်း ရယူဆောင်ရွက် စေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က အတည်ပြု၍ပေးပို့လာသော ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းလွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြဋ္ဌာန်းရန်မသင့်ကြောင်း အတည်ပြု၍ ပေးပို့လာသော ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို ၇-၃-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန်

ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တင်ပြသွားမည့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၅၀

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက်။ အမျိုးသားလွှတ်တော်၏ ၇-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၇-၁၀၉

**မူကြမ်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၉-၂-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ပြဌာန်းရန်မသင့်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီသည် ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဥပဒေကို ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ်(၂၂)ဖြင့် ပြဌာန်းခဲ့ပါတယ်။ ယင်းဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၁/၉၂)ဖြင့် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ရုပ်သိမ်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၃-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ဤဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းသည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်၏ အခြေခံမူများ၊ ဦးတည်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှုမရှိခြင်း၊

(ဂ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းသည် လွှတ်လပ်သော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်နှင့် ဆန့်ကျင်သည့် အရေးပေးဆောင်ရွက်ချက်များ ဖော်ပြပါရှိသည့်အတွက် ထိုသို့ဆောင်ရွက်ရန်သင့်လျော်မှု ရှိ/မရှိ စိစစ်ရန်လိုအပ်ခြင်း၊

(ဃ) နိုင်ငံတော်အစိုးရ၏ စီးပွားရေးဆိုင်ရာမူဝါဒများနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ရန်လိုအပ်ခြင်း။

**မူကြမ်း**

၄။ အထက်ပါ စိစစ်လေ့လာတွေ့ရှိချက်များအရ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို ပြဋ္ဌာန်းဆောင်ရွက်ရန်မသင့်ကြောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

၅။ သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ကြောင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ(ဥပဒေကြမ်းကော်မတီ)။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးအနေနဲ့ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းရန်မသင့်ကြောင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏သဘောထားအတိုင်း လက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ပြဋ္ဌာန်းရန်မသင့်ကြောင်း အတည်ပြုချက်ကို သဘောတူကြောင်း အစီရင်ခံစာတင်ပြမှုအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ထောက်ခံကြောင်းဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ကုန်းလမ်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းရန်မသင့်ကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းရန်မသင့်ကြောင်း ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်ကို အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး ပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၇-၃-၂၀၁၇ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက် မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၉-၃-၂၀၁၇ ရက်နေ့ (ကြာသပတေးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ကိုယ်စားလှယ်များ တစ်ဦးမျှမရှိပါ။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့ခဲ့သော ဥပဒေ

ဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၃-၃-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတို့ကို ဖိတ်ခေါ်၍ အစည်းအဝေးကျင်းပစိစစ်ခဲ့ရာ ယင်းပြင်ဆင်ချက်ဥပဒေကို ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ရန်အဆို တင်သွင်းနိုင်ကြောင်းဖိတ်ခေါ်ခဲ့သော်လည်း တင်သွင်းမှုမရှိခြင်း၊ (၂) ပြည်သူ့လွှတ်တော်၏အတည်ပြု ချက်မူများ နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များသည် မူအားဖြင့် ကွာခြားမှုမရှိဘဲ စကားလုံး၊ အရေးအသား၊ အထားအသို၌ ကွာခြားမှုရှိပါသဖြင့် လက်ခံနိုင်ပါသောကြောင့် ပြည်သူ့လွှတ်တော်မှ လက်ခံအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေ ဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင်ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့(၂၈-၂-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့်တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းသည့်အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၅ ဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ ကာယသုခ၊ စိတ္တသုခနှစ်ဖြာပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာပါ။ အဆိုကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုဖြစ်ပြီးတော့ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးမှ ထောက်ခံသွားတာကို တွေ့ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဆိုတဲ့အမည်နာမဟာ နယ်တစ်နယ်၊ လူမျိုးတစ်မျိုး၊ ဒေသတစ်ခုကို ကိုယ်စားပြုတဲ့အမည်နာမမဟုတ်ပါဘူး။ တစ်တိုင်းပြည်၊ တစ်နိုင်ငံလုံး၊ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် သက်ဆိုင်တဲ့ ကိုယ်စားပြုတဲ့ အမည်နာမပါ။ နိုင်ငံသားအားလုံးရဲ့ရင်ထဲ၊ နှလုံးသားထဲမှာ ထာဝရကမ္ပည်းထိုးထားတဲ့

အမည်နာမပါ။ ဗိုလ်ချုပ်ကြောင့် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝက လွတ်မြောက်ခဲ့တယ်။ ဗိုလ်ချုပ်ကြောင့် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်တဲ့ လောကပါလတရားတွေထွန်းကားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးပေါ်ပေါက်လာခဲ့တယ်။ လွတ်လပ်၍တရားမျှတတဲ့ ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီလေကိုရှူရှိုက်ကြတဲ့ နိုင်ငံသားတိုင်း ဗိုလ်ချုပ်ရဲ့ကျေးဇူးတရားတွေနဲ့ မကင်းပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတိုင်းမှာ သူတို့နိုင်ငံရဲ့စံနမူနာယူစရာ အမျိုးသားခေါင်းဆောင်ကြီးတွေရှိပါတယ်။ အဲဒီခေါင်းဆောင်ကြီးတွေဟာ သူတို့နိုင်ငံသားတွေအတွက် စံနမူနာပါ။ နိုင်ငံရဲ့သင်္ကေတပါ။ အဲဒီခေါင်းဆောင်ကြီးတွေကြောင့် နိုင်ငံသားတွေကို စည်းလုံးမှုကိုဖြစ်စေတယ်။ ညီညွတ်မှု ဖြစ်စေတယ်။ ခွန်အားသတ္တိတွေဖြစ်စေတယ်။ တက်ကြွနိုးကြားမှုတွေဖြစ်စေတယ်။ တိုင်းချစ်၊ ပြည်ချစ်စိတ်တွေကို ဖြစ်စေပါတယ်ခင်ဗျား။ အဲဒီလိုပဲ ဗိုလ်ချုပ်အောင်ဆန်း ဆိုတဲ့အသံကို ကြားလိုက်တာနဲ့ နိုင်ငံသားတိုင်းရဲ့ရင်ထဲ၊ နှလုံးသားထဲမှာ ဗိုလ်ချုပ်ရဲ့အမျိုးကိုချစ်တဲ့ စိတ်ဓာတ်သတ္တိတွေ၊ ရိုးသားဖြောင့်မတ်တဲ့ စိတ်ဓာတ်သတ္တိတွေ၊ မဟုတ်ရင်မခံ မှန်ရာကိုလုပ်တဲ့ စိတ်ဓာတ်သတ္တိတွေ၊ တိုင်းပြည်နဲ့လူမျိုးအတွက်ဆိုရင် ကိုယ်ကျိုးစွန့်လွှတ်တတ်တဲ့ ဂုဏ်ကျေးဇူးတွေ ကိန်းအောင်းစိမ့်ဝင်ပြီး လေးစားတဲ့စိတ်၊ ချစ်ခင်တဲ့စိတ်၊ ကြည်ညိုတဲ့စိတ်၊ ဗိုလ်ချုပ်ကဲ့သို့ တိုင်းပြည်နဲ့ လူမျိုးအကျိုးသယ်ပိုးလိုသောစိတ်တွေ တဖွားဖွားဖြစ်ပေါ်စေပါတယ်။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ရိုးသားဖြောင့်မှန်မှုရဲ့သင်္ကေတ၊ မဟုတ်မခံ မှန်ရာကိုလုပ်တဲ့ သာဓက၊ စွန့်လွှတ်အနစ်နာခံနိုင်မှုရဲ့စံနမူနာ၊ လွတ်လပ်ခြင်းရဲ့ မီးရှူးတန်ဆောင်ကြီးပါ။ နိုင်ငံတွင်းသာမက ကမ္ဘာကလေးစားအံ့ချီးရတဲ့ ခေါင်းဆောင်ပါ။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေတဲ့ အာဇာနည်သူရဲကောင်းပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုခေါင်းဆောင်ရဲ့အမည်နာမကို မှည့်ခေါ်ခြင်းဖြင့် ဒီတံတားအတွက် ဂုဏ်ငယ်သွားစေသလား၊ ဘာဆိုးကျိုးတွေဖြစ်စေသလဲ။ ဘာအပြစ်တွေဖြစ်စေမလဲ။ ကန့်ကွက်တယ်ဆိုတာဟာ ဒေသခံအများစုရဲ့ဆန္ဒအစစ်အမှန်ဟုတ်ရဲ့လားဆိုတာကို ကျွန်တော်တို့ စဉ်းစားသင့်ပါတယ်။ အမည်နာမဆိုတာဟာ ပညတ်တွေလို့ပြောနိုင်ပါတယ်။ သို့သော် အဲဒီပညတ်သည်ပင် သမုတိသစ္စာပါ။ မြစ်ရေကိုဆန်တက်စေတဲ့သစ္စာစကား၊ အဆိပ်လူးမြွားကြောင့် သေအံ့မူးမူးမြောနေသူကို အကောင်းပကတိထထိုင်စေတဲ့ သစ္စာစကားဟာ ပညတ်ပါပဲ။ ဒါကြောင့် ပညတ်သွားရာဓာတ်သတ်ပါလို့ဆိုပါတယ်။ အကယ်၍ ကာတွန်းဆရာတစ်ဦးရေးဆွဲခဲ့သလို ဂျူန်စောတံတားလို့ အမည်ပေးရင် လူတွေရဲ့စိတ်ထဲ၊ နှလုံးသားထဲမှာ ဘယ်လိုခံစားချက်၊ ဘယ်လိုအတွေး၊ ဘယ်လိုပုံရိပ်

ဖြစ်လာမလဲဆိုတာ အထင်းသားဖြစ်ပါတယ်။ နတ္ထိလောကော၊ အနိန္ဒိတော လောကမှာ အကဲ့ရဲ့လွတ်သူဆိုတာမရှိပါဘူး။ သုံးလောကထွဋ်ထားဘုရားရှင်တောင်မှ မာရ်နတ်၊ ဒေဝဒတ်စတဲ့ အဖျက်တွေရှိတတ်ပါတယ်။ လောကမှာ အဖြူအမည်း၊ အကောင်းနှင့်အဆိုး၊ အမှန်နှင့်အမှား၊ အလင်းနှင့်အမှောင်၊ ဓမ္မနှင့် အဓမ္မ ရှိကြစမြဲပါ။ ဓမ္မအင်အားစုကို အဓမ္မအင်အားစုက ဆန့်ကျင်တတ်တာအစဉ်အလာပါ။ ဒါကြောင့်လည်း တိုင်းပြည်နှင့်လူမျိုးအတွက် အစားထိုးမရတဲ့၊ လုံးဝလွတ်လပ်ရေးကြီးရဖို့ အဓိကအကျဆုံးဖြစ်တဲ့ မြန်မာလူထုရဲ့နှလုံးသား ဗိုလ်ချုပ်ကို အာဏာရူး၊ ရာထူးရူး၊ ဘယ်သူသေသေ ငတေမာစိတ်ဓာတ်ရှိတဲ့ တိုင်းပြည်သစ္စာဖောက် ဂဠုန်စောအဖွဲ့က လက်နက်အားကိုး အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခဲ့တာပါ။ ဒါပေမဲ့ အာဇာနည်မျိုး သေရိုးမရှိတဲ့။ အာဇာနည်တိုင်း သမိုင်းမသေတာဟာလက်တွေ့ပါ။ အာဏာရှင်ခေတ်တစ်လျှောက် ဗိုလ်ချုပ်ရဲ့အမည်နာမကို အမျိုးမျိုးဖျောက်ဖျက်ခဲ့ကြပါတယ်။ ငွေစက္ကူပေါ်က ဗိုလ်ချုပ်ပုံကို ဖြုတ်ချခဲ့တယ်။ ရုံးတွေ၊ ကျောင်းတွေ၊ နိုင်ငံတော်အခမ်းအနားတွေက ဗိုလ်ချုပ်ရဲ့ပုံကို ဖြုတ်ချခဲ့တယ်။ အာဇာနည်နေ့အခမ်းအနားတွေကို ပိတ်ပင်တယ်။ ဂုဏ်ပြုပန်းခွေချသူတွေကို ဖမ်းဆီးခဲ့တယ်။ ဗိုလ်ချုပ်ပြတိုက်ကို ပိတ်တယ်။ အာဇာနည်ကုန်းကို ပိတ်တယ်။ ဗိုလ်ချုပ်ကြေးရုပ်တွေကို သော့ခတ်ပိတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ ဂဠုန်စောအင်အားစုတွေဟာ ဗိုလ်ချုပ်ရဲ့ရုပ်ခန္ဓာကိုသာ လုပ်ကြံသတ်ဖြတ်နိုင်မယ်။ ဗိုလ်ချုပ်ရဲ့ဂုဏ်ပုဒ်၊ ဗိုလ်ချုပ်ရဲ့ဝိသေသ၊ ဗိုလ်ချုပ်ရဲ့ဂုဏ်ကျေးဇူးတရားနှင့် ဗိုလ်ချုပ်ရဲ့ဝိညာဉ်ကိုတော့ ပြည်သူတွေရဲ့နှလုံးသားက သတ်ဖြတ်လို့မရခဲ့ကြပါဘူး။ ကမ္ဘာတည်သရွေ့၊ မြန်မာတည်သရွေ့ ထာဝရတည်နေပါလိမ့်မယ်။ နိဂုံးချုပ်အနေနဲ့ သံလွင်တံတားအမည်ပေးရေးနဲ့ပတ်သက်ပြီး မွန်ပြည်နယ် ပြည်သူ့ကိုယ်စားလှယ်တွေရဲ့အသံဟာ ပြည်သူတွေကို ကိုယ်စားပြုတဲ့အသံဖြစ်မှာပါ။ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့အဆိုဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားတွေပါရှိနေပါလိမ့်မယ်။ ဒီမိုကရေစီအစိုးရနှင့် လွှတ်တော်ဟာ ပြည်သူကို ဦးထိပ်ထားလျက်ပါ။ သံလွင်တံတားအမည်ပေးရေးအတွက် ပြည်သူတွေစိတ်ကြိုက်ဆုံးဖြတ်နိုင်ပါတယ်။ ဒါကိုအကြောင်းပြုပြီးတော့ လူတချို့ရဲ့ပယောဂနှင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့မသေဆုံးနိုင်တဲ့ ထာဝရဂုဏ်ပုဒ်တွေကိုတော့ ထပ်မံမလုပ်ကြံမိကြဖို့ သတိပေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မကြာခင်အချိန်မှာ ကျွန်မတို့မွန်ပြည်နယ်ရဲ့မြို့တော် မော်လမြိုင်နဲ့ ချောင်းဆုံဒေသကို ဆက်သွယ်မယ့်တံတားတစ်စင်းကို ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနဲ့ တည်ဆောက်ပြီးစီးတော့မှာဖြစ်ပါတယ်။ တံတားအတွက်အမည်နာမနဲ့ပတ်သက်ပြီး တိုင်းပြည်ရဲ့လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းအမည်နဲ့ ဂုဏ်ပြုမှည့်ခေါ်ဖို့ တိုက်တွန်းတဲ့အဆိုကို ကျွန်မလိုပဲ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ဝမ်းမြောက်ဝမ်းသာစွာနဲ့ ကြိုဆိုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ်ရဲ့မြေမျက်နှာပြင်အနေအထားဟာ တောင်တန်းမြေပြန့်၊ အင်းအိုင်၊ ပင်လယ်စတာတွေ အားလုံးပြည့်စုံနေတာတွေ့ရပါတယ်။ ဆန်စပါး၊ သားငါးပုစွန်၊ သစ်သီးဝလံစတာတွေလည်း အလျှံအပယ်ပေါများပြီးတော့ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ကျွဲကောသီး၊ နာနတ်သီးစတဲ့ အရသာကောင်းမွန်ပြီး ကျန်းမာရေးကိုအထောက်အကူပြုတဲ့ သစ်သီးတွေလည်းထွက်ပါတယ်။ နောက်ထူးခြားချက်တစ်ခုက ကျွန်မတို့မွန်ပြည်နယ်အတွင်းမှာ မွန်၊ ဗမာ၊ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ရခိုင်၊ ပအိုဝ်းစတဲ့ တိုင်းရင်းသားပေါင်းစုံနေထိုင်ခဲ့ကြတာလည်း ပြည်ထောင်စုနိုင်ငံငယ်လေးသဖွယ်ဖြစ်နေတာမို့လို့ ဂုဏ်ယူဖွယ်ရာတွေ့ရပါတယ်။ မွန်လူမျိုးတွေရဲ့ယဉ်ကျေးမှုဓလေ့စရိုက်၊ စိတ်နေစိတ်ထားကို လေ့လာကြည့်ရင်လည်း ဘာသာတရားကို ရိုသေကိုင်းရှိုင်းပြီး ကျေးဇူးတရားသိတတ်စွာ၊ ငြိမ်းချမ်းစွာနေထိုင်တတ်ပါတယ်။ Power Point မှာပြထားတဲ့အတိုင်း မွန်ရွာတွေအတော်များများမှာ နေ့စဉ်ဝတ်မပြတ်၊ ညနေဘက်မှာ မိမိခြံအတွင်းမှာရှိတဲ့ပန်းလေးတွေကို သီပြီး အိမ်နီးချင်းတွေစုကာ ကိုးကွယ်ရာဘုန်းကြီးကျောင်းကိုသွား၊ ဘုရားပန်းကပ်၊ ဝတ်ဖြည့်ကာ သီလယူလေ့ရှိသလို နံနက်ပိုင်းမှာလည်း ဆွမ်းပို့မပြတ်ပါဘူး။ လမ်းသွားရင်းနဲ့ ရဟန်းသံဃာတွေ့ရင်လည်း ထိခြင်းငါးပါးနှင့် ဘယ်နေရာမှာမဆို ဦးချကန်တော့လေ့ရှိပါတယ်။ ဒီလိုနူးညံ့သိမ်မွေ့တဲ့ မေတ္တာစိတ်အခြေခံရှိတဲ့

အတွက် Power Point မှာပြခဲ့သလို မွန်ပြည်နယ်အတွင်းမှာ မွန်လူမျိုးအပြင် တခြားတိုင်းရင်းသား လူမျိုးများ၊ လူမျိုးကွဲ၊ ဘာသာကွဲများရှိပေမဲ့ အချင်းချင်းညီညွတ်ကြပြီး လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲကင်းကာ ဘယ်နိုင်ငံရေး၊ ဘာသာရေး၊ သွေးထိုးလှုံ့ဆော်မှု၊ ပယောဂပူးကပ်မှုကိုမှ လက်မခံခဲ့လို့ မွန်ပြည်နယ်က ဒီနေ့အထိ ငြိမ်းချမ်းစွာနေခဲ့တာ ဗိုလ်ချုပ်လိုချင်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်အခြေခံရှိရာဒေသဖြစ်လို့ ဒီတံတားကို ဗိုလ်ချုပ်နာမည်မှည့်ခေါ်ခြင်းက မွန်ပြည်နယ်အတွက် ဂုဏ်တက်စရာပါ။ ဒီလိုစိတ်ဓာတ် အခြေခံကောင်းတွေရှိရုံသာမက ထူးချွန်ထက်မြက်တဲ့ ကိုယ်ရည်ကိုယ်သွေးကိုလည်း မွန်လူမျိုးတွေ ဖြစ်တဲ့ ချောင်းဆုံဒေသသားတွေဟာ ပိုင်ဆိုင်ထားပြန်ပါတယ်။ ရွာပေါင်း ၆၄ ရွာပါတဲ့ ချောင်းဆုံမြို့နယ် ဟာ စက်မှုလက်မှုပညာမှာ မြန်မာသာမက ကမ္ဘာအထိပါ ကျော်ကြားပါတယ်။ ဒီဒေသကထုတ်တဲ့ စက်ဘီးတာယာ၊ ကားတာယာတွေက စက်မှုဝန်ကြီးဌာနက ထုတ်တဲ့၊ အရည်အသွေးထက် ကောင်းမွန် ခဲ့ပါတယ်။ မဆလခေတ်မှာကတော့ ဒီထုတ်လုပ်ခွင့်ကို  ပိတ်ပင်ခဲ့လို့ ဒီလုပ်ငန်းတွေရပ်တန့်ခဲ့တာပါ။ ရွာလွတ်ဒေသက ထွက်တဲ့ဆေးတံဆိုရင်လည်း သေသပ်လှပကောင်းမွန်လို့ နိုင်ငံတကာဈေးကွက်အထိ ပေါက်ခဲ့ပါတယ်။ ကျွန်မတို့ငယ်ငယ်က စာသင်ကျောင်းမှာအသုံးပြုခဲ့ရတဲ့ ကျောက်သင်ပုန်း၊ ကျောက်တံတွေကလည်း ချောင်းဆုံဒေသ၊ မုဒုံဒေသက နာမည်ကြီးထုတ်ကုန်ပါ။ ဒေသထွက် ကြက်ဥ ခေါက်မုန့်စတဲ့ မုန့်ပဲသရေစာတွေကလည်း ထူးခြားအရသာကောင်းမွန်လှပါတယ်။ ဒေါ်အောင်ဆန်း စုကြည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မဖြစ်ခင် ကျွန်မတို့မွန်ပြည်နယ်က ရွေးချယ်ခံကိုယ်စားလှယ် တွေနဲ့တွေ့ဆုံစဉ် ချောင်းဆုံကိုရောက်ခဲ့စဉ်က သုံးစားခဲ့ရတဲ့ ကြက်ဥခေါက်မုန့်ရဲ့အရသာနဲ့ မြင်တွေ့ခဲ့ ရတဲ့ ချောင်းဆုံသားတွေရဲ့ဖန်တီးတီထွင်မှုလက်ရာမြောက်တဲ့ လက်မှုပညာတွေကို ဒီတံတားကြီးပြီးရင် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်အောင် လုပ်ပေးဖို့ ပြောဆိုလမ်းညွှန်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အာရှလမ်းမကြီးဖောက် ခဲ့မယ်ဆိုလို့ရှိရင်လည်း လမ်းဆုံပြည်နယ်တစ်ခုဖြစ်နေပါတယ်။ ရေနက်ဆိပ်ကမ်းအဖြစ် အသုံးပြုလို့ ရတဲ့ ပင်လယ်ထွက်ပေါက်တွေကိုလည်း ပိုင်ဆိုင်ထားပါတယ်။ စီးပွားရေးအချက်အချာကျတဲ့ ဒေသဖြစ် လို့ မကြာခင်အချိန်မှာ ကျွန်မတို့မွန်ပြည်နယ်အတွင်းကို ရင်းနှီးမြှုပ်နှံသူတွေ၊ လှပတဲ့သဘာဝရှုခင်း တွေ၊ တန်ခိုးကြီးဘုရားတွေကို လာရောက်လေ့လာမယ့် ပြည်တွင်းပြည်ပဧည့်သည်တွေအများအပြား ဝင်လာကြတဲ့အခါမှာ ကမ္ဘာကပါ ဂုဏ်ယူလေးစားရတဲ့ ဗိုလ်ချုပ်အောင်ဆန်းအမည်နာမနဲ့ မှည့်ထားတဲ့ ဒီတံတားကြီးကို ဂုဏ်ယူစွာဖြတ်ပြီး ချောင်းဆုံဒေသရဲ့ထွက်ကုန်တွေ၊ သဘာဝအလှအပနဲ့ ချစ်စရာ

ခလေ့တွေ လေ့လာကြမှာဖြစ်တဲ့အတွက် တိုင်းရင်းသားအားလုံးအတွက် ဂုဏ်တက်စရာပါ။ ဥက္ကဋ္ဌကြီး ရှင်။ မြန်မာပြည်သားတွေက သူရဲကောင်းတွေကို လေးစားဂုဏ်ပြုတတ်ကြသလို စောစောက Power Point မှာ ပြခဲ့သလို မိမိပြည်နယ်/တိုင်းဒေသကြီးကမဟုတ်တဲ့ သူရဲကောင်းတွေအမည်ကိုတောင်မှ တံတားအမည်အဖြစ် ဂုဏ်ပြုမှည့်ခေါ်ခဲ့ပါတယ်။ ကျွန်မတို့မွန်ပြည်နယ်က ပြည်သူတွေကလည်း ဒီလို စိတ်ဓာတ်တွေရှိတဲ့အတွက် ယခင်သံလွင်မြစ်ကူးရေယာဉ်တွေ နာမည်ပေးတဲ့နေရာမှာတောင်မှ သမိန် ပရမ်းမွန်သူရဲကောင်း၊ ထီးလှိုင်ရှင် ပုဂံသူရဲကောင်းစတဲ့အမည်တွေကို ဂုဏ်ပြုမှည့်ခေါ်ခဲ့ပါတယ်။ ၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲကစပြီး သူ့ကျွန်ဘဝကို ရောက်ခဲ့ရလို့ ကျွန်သက်ရှည်ခဲ့ရတဲ့ မွန်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးကို သူ့ကျွန်ဘဝမှ လွတ်မြောက်အောင်ဦးဆောင်ပေးခဲ့တဲ့ စောစောက ကိုကျော်အောင်လွင် ဆွေးနွေးသလို ဂုဏ်သတင်းတွေနဲ့ပြည့်စုံတဲ့ ကျေးဇူးရှင်သူရဲကောင်း ဗိုလ်ချုပ်ရဲ့အမည်နဲ့ ဒီမြစ်ကူးတံတားမှည့်ခေါ်ခွင့်ကို မွန်ပြည်နယ်အတွင်းမှာရှိတဲ့ မွန်လူမျိုး ၈၆၄၇၅၀ အပါအဝင် ကျန်တိုင်းရင်းသား ၁၀၃၂၀၆၀ အများစုတို့က ဝမ်းမြောက်ဝမ်းသာဂုဏ်ယူစွာနဲ့ ကြိုဆိုကြ လိမ့်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်းနဲ့ ဒေါ်မိကွန်ချမ်းရဲ့အဆိုကို အလေးအနက်ထောက်ခံ အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်း မဲဆန္ဒနယ်က ဦးမောင်မြင့်ဖြစ်ပါတယ်။ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ဝေဖန်သုံးသပ် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့စေတနာက မှန်ကန်ပါတယ်။ ဒါပေမဲ့ လုပ်နည်းမှားနေ တယ်လို့ ကျွန်တော် မြင်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုချင်တဲ့ စေတနာက အင်မတန်ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဂုဏ်ပြုချင်ပါတယ်။ ဒါပေမဲ့ လွှတ်တော် ဟာ ဒီလိုမျိုး တံတားနာမည်ပေးကင်ပွန်းတပ်တာလေးကို ငြင်းခုံဆွေးနွေးရမယ့်နေရာ မဟုတ်ဘူး လို့တော့ ကျွန်တော်ယုံကြည်တယ်။ Platform မှားနေတယ်လို့ပြောချင်ပါတယ်။ လွှတ်တော်မှာ အဓိက တာဝန်ကြီးနှစ်ရပ်ရှိတယ်။ အဲဒါတွေကတော့ နံပါတ်(၁)ဥပဒေပြုခြင်းနှင့် နံပါတ်(၂)အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများရဲ့ လုပ်ဆောင်ချက်များကို အပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance)ပဲဖြစ်ပါတယ်။ တံတားနာမည်ပေးရမှာက အစိုးရရဲ့တာဝန်ပါ။ အစိုးရက လုပ်တာကိုမကြိုက်ရင် ထိန်းကျောင်းပေးရမယ့်တာဝန်က လွှတ်တော်မှာရှိပါတယ်။ ယခုကိစ္စမှာတော့

ဘာမှန်းကို ကျွန်တော်တို့လည်း မသိဘူးဖြစ်နေပါတယ်။ မီဒီယာသတင်းတွေအရဆိုလို့ရှိရင် မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးမင်းမင်းဦး နုတ်ထွက်သွားတာဟာလည်း ဒီတံတားနာမည်ပေးတဲ့ ကိစ္စအပေါ်မှာ သဘောထားကွဲလွဲတဲ့အချက်တစ်ချက်ပါတယ်လို့ သိရပါတယ်။ နိုင်ငံတကာမှာ အင်မတန်လည်းရှက်စရာကောင်းပါတယ်။ ကျွန်တော်တို့ မြန်မာတွေအချင်းချင်း ဒီလောက်တောင်ပဲ သဘောထားသေးသိမ်နေကြပြီလားလို့ ကျွန်တော် ဒီနေရာကနေပြီး မေးခွန်းမေးချင်ပါတယ်။ လက်ရှိ အစိုးရကို ပြည်သူ့အစိုးရလို့ လွှတ်တော်ကိုယ်စားလှယ်တွေကပြောကြပါတယ်။ သမ္မတကြီးဦးသိန်းစိန် ဦးဆောင်ခဲ့တဲ့အစိုးရကရော ပြည်သူ့အစိုးရမဟုတ်ဘူးလားလို့ ကျွန်တော်က မေးချင်ပါတယ်။ ရွေးကောက်ပွဲနဲ့တက်လာရင် အားလုံး ပြည်သူ့အစိုးရချည်းပဲဖြစ်ပါတယ်။ ပြည်သူ့အစိုးရမှန်ရင် ပြည်သူကိုဗဟိုပြုရမယ်ဆိုတာ ငြင်းလို့မရပါဘူး။ People Centered Approach သွားရမယ်။ Bottom Up ဆိုတာကို စာထဲမှာပဲထားလို့ရတာမဟုတ်ဘူးဆိုတာကို ပြောချင်ပါတယ်။ ဒီကိစ္စမှာတော့ ပြည်သူကိုဗဟိုပြုတာမဟုတ်ဘဲနဲ့ လွှတ်တော်က မဲအသာနဲ့အတည်ပြုမယ်ဆိုလို့ရှိရင်တော့ ဒါ ဗဟို ဦးစီးကိုသွားနေပြီလို့ ကျွန်တော်ကတော့ မြင်ပါတယ်။ အာဏာရှင်စနစ်ကိုတော့ ကျွန်တော် မပြောချင် ဘူး။ ဒါပေမဲ့ မိမိတို့ရဲ့လုပ်ဆောင်ချက်တွေဟာ အာဏာရှင်ဆန်နေပြီလားဆိုတာကိုလည်း စဉ်းစားကြဖို့ ကျွန်တော်ပြောချင်ပါတယ်။ Social Media သတင်းအရ ချောင်းဆုံမြို့နယ်ကလူထုတွေဟာ ဗိုလ်ချုပ် အောင်ဆန်းတံတားလို့နာမည်ပေးမှာကို ဆန္ဒဖော်ထုတ်ပြီးတော့မှ မကျေနပ်လက်မခံကြောင်း ပြသနေ ပါတယ်။ ကျွန်တော်တို့က လွှတ်တော်အနေနဲ့ ဗိုလ်ချုပ်ကိုဂုဏ်ပြုချင်လို့ ဗိုလ်ချုပ်အောင်ဆန်းတံတား လို့ နာမည်ပေးတယ်ဆိုကြပါစို့။ ဒါဟာလည်း လွှတ်တော်က တိုက်ရိုက်ပေးလို့မသင့်ပါဘူး။ အစိုးရ အဖွဲ့ကို အကြောင်းကြားရမှာဖြစ်ပါတယ်။ ဒါအစိုးရအဖွဲ့ရဲ့တာဝန်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့စဉ်းစားကြည့်မယ်ဆိုရင် မနီးမဝေးမှာရှိတဲ့ မော်လမြိုင်တံတား၊ ဘားအံတံတား အခုတံတားထက်ကြီးပါတယ်။ အဲဒီတံတားတွေဟာ ပြည်မကြီးနှင့်သက်ဆိုင်ရာပြည်နယ်တွေကိုဆက် သွယ်တဲ့ အင်မတန်မှအရေးကြီးတဲ့တံတားတွေဖြစ်ပါတယ်။ အလားတူပဲ ဗလမင်းထင်တံတား၊ အနော် ရထာတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဘုရင့်နောင်တံတား၊ ဆင်ဖြူတံတား လူနာမည်ရဲ့နာမည်တွေက လည်း အခုတံတားထက်ပိုရှည်တယ်။ ပိုကြီးတယ်။ ပိုအသုံးဝင်ပါတယ်။ ဗိုလ်ချုပ်ကိုဂုဏ်ပြုချင်တယ် ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ အကြီးဆုံး၊ အရှည်ဆုံးတံတားကြီးကို ဗိုလ်ချုပ်တံတားလို့နာမည်ပြောင်းဖို့ အတွက် အဆိုတင်လိုက်ပါ။ ကျွန်တော်တို့ထောက်ခံမှာပါ။ အပြည့်အဝထောက်ခံမှာပါ။ ဒါပေမဲ့ အခု

၅၃၆ မီတာပဲရှည်တယ်။ ပေအားဖြင့်ဆိုရင် ၁၇၅၈.၅ ပေပဲရှိတယ်။ သာမန်တံတားလေးပဲ။ ပြည်နယ် မြို့တော်ကနေပြီးတော့မှ ချောင်းဆုံမြို့နယ်ကိုဆက်သွယ်ပေးတဲ့ ဒါသာမန်တံတားလေးပဲ။ အဲဒါလေးကို ဗိုလ်ချုပ်အောင်ဆန်းတံတားလို့နာမည်ပေးထားရမှာ အဲဒါ ဗိုလ်ချုပ်ကိုနှစ်ခါသတ်တယ်လို့ ကျွန်တော် ကတော့ ခင်ဗျားတို့ကိုပြောချင်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆက်စဉ်းစားကြည့်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားတွေအလိုက် မျိုးချစ်သူရဲကောင်းတွေရှိပါတယ်။ မွန်လူမျိုးတွေဟာ အင်မတန် အစဉ်အလာကြီးမားပါတယ်။ အဲဒီတော့ မွန်လူမျိုးတွေထဲမှာဆိုလို့ရှိရင် ရာဇာဓိရာဇ်တို့လို၊ မိဖုရားကြီး ရှင်စောပုတို့လို၊ ဗညားဒလတို့လို။ သူရဲကောင်းတွေထဲမှာဆိုလို့ရှိရင်လည်း လဂွန်းအိမ်၊ အဲမွန်ဒယာ၊ သမိန်ဗရမ်း သူရဲကောင်းတွေရှိတယ်။ ပြီတိသျှနယ်ချဲ့တွေကို စီးပွားရေးအရအံတုခဲ့တဲ့ ဦးနာအောက်လို မျိုးချစ်တွေလည်းရှိတယ်။ ဒီဘက်ခေတ်မှာဆိုရင်လည်း ဆရာကြီးနိုင်ပန်းလှလို၊ မင်းသုဝဏ်တို့လိုလူ တွေရှိတယ်။ နောက်ဆုံးဗျာ သမ္မတကြီးဦးထင်ကျော်ရှိသေးတယ်။ အဲဒီလူတွေထဲက ကြိုက်တဲ့နာမည် ပေး။ ဒါလည်း ကျွန်တော်တို့ကထောက်ခံတယ်ဆိုတာကိုပြောချင်ပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်း တံတားလို့ အခုလို သာမန်တံတားလေးကို၊ မီတာ ၅၀၀ လောက်ရှိတဲ့တံတားလေးကို နာမည်ပေးတယ် ဆိုတာကတော့ ဒါဟာ ဗိုလ်ချုပ်အောင်ဆန်းကို နှစ်ခါသတ်တာနဲ့တူနေလို့ ကျွန်တော်တို့ကတော့ မထောက်ခံဘူး။ ဒါဟာ ဗိုလ်ချုပ်ရဲ့ကြီးမြတ်တဲ့ဂုဏ်ဒြပ်ကို နိမ့်ချနေတဲ့အတွက်ကြောင့်မို့ ကျွန်တော်က ဒီနေရာကနေပြီး လေးလေးနက်နက်ကန့်ကွက်ကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဇော်မိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းရဲ့အဆိုနဲ့ပတ်သက်ပြီး အကြံပြု ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။ အဆို မှာဖော်ပြထားတဲ့တံတားသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့တို့ကို ဆက်သွယ်ရန် အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် အထူးစီမံကိန်းဝင်တံတား ဖြစ်ပြီး အရှည် ၅၂၀၃.၄ ပေရှိသောတံတားတစ်စင်းဖြစ်ပါတယ်။ တံတားစီမံကိန်းစတင်သောကာလမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ဖြစ်ပြီး စီမံကိန်းစတင်စဉ်ကပင် သံလွင်တံတား(ချောင်းဆုံ)

တည်ဆောက်ရေးစီမံကိန်းဟု သတ်မှတ်ခေါ်ဝေါ်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ တံတားတစ်စင်းလုံး ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ မော်လမြိုင်မြို့နှင့်ချောင်းဆုံမြို့ကိုဆက်သွယ်ရန် ယခုကဲ့သို့ သံလွင်မြစ်ကူးတံတားတစ်စင်း အချိန်မီ ပြီးစီးရေးအတွက် ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ချောင်းဆုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ)ဦးနိုင်လှအောင်က ကြယ်ပွင့်ပြ မေးခွန်းမေးခဲ့ပါတယ်။ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်က ပြန်လည်ဖြေကြားရာမှာ တံတားရဲ့ခန့်မှန်းစီမံကိန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆၀၁၇၀ ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Joint Venture ဆောင်ရွက်နေသော J&M Steel Solution Japan ကုမ္ပဏီဖြင့် ပင်မတံတား၏သံမဏိသံပေါင် ခေတ်မီ Steel Arch ဖြင့်တည်ဆောက်ရန် ညှိနှိုင်းထားကြောင်း၊ ပုံစံအနေဖြင့်လည်း မြန်မာပြည်မှာတည်ဆောက်နေကျ ရိုးရိုးပုံစံမဟုတ်သည့်အတွက် မွန်ပြည်နယ်အတွင်းမှာ ခေတ်မီတံတားတစ်စင်း ထပ်မံပေါ်ထွန်းလာမှာဖြစ်ပြီး Land Mark သဖွယ် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ယခင်အစိုးရလက်ထက်တည်ဆောက်ခဲ့သည့် အထူးစီမံကိန်းဝင် ပေ ၁၈၀ နှင့်အထက်တံတားကြီးများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ တည်ဆောက်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ Power point မှာတင်ပြထားတဲ့အတိုင်း တွေ့ရမှာဖြစ်ပါတယ်။

ထိုတံတားများ၏အမည်များကိုလည်း စီမံကိန်းစတင်စဉ်ကပေးခဲ့သည့်အမည်ကိုသာ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် တံတား၏တည်နေရာကို အထူးပြုပြီးပေးခဲ့တာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မွန်ပြည်နယ်အတွင်း ယခင်ကတည်ဆောက်ခဲ့သည့် အထူးစီမံကိန်းဝင်တံတားကြီးသုံးစင်းရဲ့နာမည်များကိုလေ့လာကြည့်မည်ဆိုရင်လည်း တံတားများ၏ တည်နေရာကိုအထူးပြုပြီး သတ်မှတ်ပေးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ယခုဖွင့်လှစ်မည့်တံတားကိုလည်း သံလွင်တံတား (ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းလို့သတ်မှတ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေနဲ့ မိမိတို့၏တည်နေရာကိုဝိသေသပြုကာ ယခုကဲ့သို့ တံတားစီမံကိန်းအမည်သတ်မှတ်ချက်အပေါ်မှာ စီမံကိန်းကာလတစ်လျှောက်လုံး မည်သို့မျှမှတ်ချက်ပြုပြောကြားတာမျိုးမရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ တည်ဆောက်ဆဲသံလွင်တံတား(ချောင်းဆုံ)စီမံကိန်းပြီးစီးခါနီး ၂၀၁၇ ခုနှစ်

ဖေဖော်ဝါရီလ လဆန်းပိုင်းမှာ တံတားအမည်ပြောင်းလဲသတ်မှတ်လိုမှုနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူအချို့က ကန့်ကွက်မှုများရှိခဲ့ကြောင်းကို လူမှုကွန်ရက်စာမျက်နှာများမှာ ဖော်ပြလာတာကိုတွေ့ရှိရပါတယ်။ တံတားအမည်သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပြေလည်အောင်ညှိနှိုင်းဆောင်ရွက်မယ့်ကိစ္စတစ်ရပ်သာ ဖြစ်ပါတယ်။ တံတားအမည်သတ်မှတ်ရေးကိစ္စဟာ ညှိနှိုင်းခဲ့ကြသော်လည်း ပြေလည်မှုမရရှိသည့်အတွက် ပြည်သူ့လွှတ်တော်မှာ အဆိုတင်သွင်းပြီး ပြည်ထောင်စုအစိုးရကိုတိုက်တွန်းရတဲ့အထိဖြစ်လာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယခုကဲ့သို့ တံတားတစ်စင်းရဲ့အမည်ကိုသတ်မှတ်ပေးရန် အဆိုတင်သွင်းလာမှုနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူအချို့က ၎င်းတို့၏သဘောဆန္ဒကို ထုတ်ဖော်ခဲ့တာကိုတွေ့ရပါတယ်။ ဒါ့အပြင် လူမှုကွန်ရက်စာမျက်နှာများအပေါ်မှာလည်း သူ့အမြင်၊ ကိုယ့်အမြင်ရေးသားမှု၊ အငြင်းပွားမှု၊ ဝေဖန်မှုများကို လွတ်လပ်စွာဖော်ပြတာကိုလည်း တွေ့မြင်ရပါတယ်။ အစိုးရအဆက်ဆက် နိုင်ငံအဝန်းတွင် ပေ ၁၈၀ အထက်တံတားကြီးပေါင်း ၄၉၅ စင်းထိဆောက်လုပ်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရပါတယ်။ ယခင်အစိုးရလက်ထက်မှာလည်း မည်သည့်တံတားရဲ့အမည်ကိုမျှ ယခုကဲ့သို့ လွှတ်တော်သို့တင်ပြကာ အဆုံးအဖြတ်ရယူခဲ့ခြင်းမျိုးမရှိခဲ့တာကို တွေ့ရှိရပါတယ်။

တံတားအမည်တစ်ခုသတ်မှတ်ပေးရေးကိစ္စဟာ ပြည်သူ့လွှတ်တော်အထိ တင်ပြဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်မဟုတ်ဘူးလို့လည်း ယူဆမိပါတယ်။ တံတားတည်ဆောက်စဉ်က နယ်မြေဒေသကို ဝိသေသပြုတဲ့စီမံကိန်းမှာပါရှိတဲ့အမည်ကိုသာ အတည်ပြုသတ်မှတ်ပြီး ဖွင့်ပွဲအခမ်းအနားများပြုလုပ်တာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီလိုအမည်သတ်မှတ်ပေးခဲ့တာကိုလည်း နယ်မြေခံလူထုအနေနဲ့ နှစ်သက်ကြည်ဖြူကာ မိမိတို့ရဲ့မွေးရပ်မြေကိုအသိအမှတ်ပြုခြင်းအပေါ် ဂုဏ်ယူခဲ့ကြတာကိုတွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံရဲ့ပထဝီရေမြေတောတောင်သဘာဝအရ နယ်မြေဒေသအသီးသီးကို သဘာဝအတားအဆီးအမျိုးမျိုးက ပိုင်းခြားထားတာရှိပါတယ်။ နိုင်ငံအတွင်းမှာ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းစသည့် မြစ်ကြီးလေးသွယ်အပြင် မြစ်ငယ်၊ ချောင်းငယ်များစွာတည်ရှိပါတယ်။ ထိုကဲ့သို့ အခြေအနေများကြောင့် သွေးချင်းသားချင်းတိုင်းရင်းသားအချင်းချင်းတို့ဟာ ယခင်ကအနေနီးသော်လည်း ခရီးဝေးခဲ့ကြပါတယ်။ ယခုအခါ ဒေသအချင်းချင်း သွေးချင်းသားချင်းများ ရေမခြားမြေမခြား တစ်သွေးတစ်သားတည်းဖြစ်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှာ တံတားအစင်းစင်းတို့ကို ကွန်ရက်သဖွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ မွန်ပြည်နယ်အနေဖြင့်လည်း သံလွင်

တံတား(မော်လမြိုင်)မရှိခင်ကာလက မုတ္တမနှင့်မော်လမြိုင်ကြားမှာ သံလွင်မြစ်ဟာ အတားအဆီးဖြစ်နေပြီး၊ ထို့အတူ မော်လမြိုင်နှင့်ချောင်းဆုံကြားရှိ သံလွင်မြစ်ဟာလည်း ဒေသခံပြည်သူတို့အတွက် နီးလျက်နှင့်ဝေးကာ အတားအဆီးသဖွယ်ဖြစ်နေခဲ့ပါတယ်။ မကြာမီကာလမှာ မြို့နှစ်မြို့ကြားမှာရှိတဲ့ ဒေသခံပြည်သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို တန်းတူဖြစ်စေမယ့်၊ ထိန်းညှိပေးမယ့်တံတားကြီးတစ်စင်း ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ တံတားတစ်စင်းတည်ဆောက်ရာမှာ ဒေသခံပြည်သူများကို အကျိုးပြုမှု၊ နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုမှုနှင့် အဘက်ဘက်ကအကျိုးပြုမှု စသည်တို့အပေါ်မှာမူတည်ပြီး စီမံကိန်းများချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဘယ်အရာကအဓိကကျတယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စဉ်းစားဆင်ခြင်ရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် လွှတ်တော်များ၏ဆောင်ပုဒ်ဟာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဖြစ်ပါတယ်။ ထို့အတူ ယခင်အစိုးရလက်ထက်က တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာ တည်ဆောက်ဖွင့်လှစ်ခဲ့တဲ့တံတားများရဲ့ အမည်ပေးမှုများအပေါ် ဒေသခံပြည်သူတို့၏သဘောထားတုံ့ပြန်မှုများကိုလည်း နမူနာကောင်းဖြင့် လေ့လာကာဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုတင်ပြကာ ပြည်ထောင်စုအစိုးရကိုတိုက်တွန်းရသည်အထိဖြစ်ပေါ်လာခဲ့သော အဆိုတွင်ပါရှိသည့်တံတားအမည်သတ်မှတ်ပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအနည်းအများပေါ်မူတည်၍ အတည်ပြုသတ်မှတ်ခြင်းထက် အဓိကနှင့်သာမညခွဲခြားကာ လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ ဒေသခံပြည်သူတွေရဲ့ဆန္ဒနှင့်အသံများကိုသာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အရှေ့က ကိုယ်စားလှယ်တချို့တင်ပြခဲ့တဲ့ မွန်ပြည်နယ်-မော်လမြိုင်-ချောင်းဆုံတံတားဟာ သေးငယ်တဲ့တံတားဖြစ်လို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့တံတားအမည် မပေးထိုက်ဘူးလို့ ဆိုခဲ့တာတွေဟာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားညီနောင်တွေရဲ့ကြားမှာ အထင်အမြင်လွဲမှားစေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့လူပုဂ္ဂိုလ်ဟာ ဂုဏ်သိက္ခာတွေ အထူးမြင့်မားတဲ့လူဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ သေးငယ်တဲ့တံတားဖြစ်စေ၊ ကြီးမားတဲ့တံတားဖြစ်စေ ဂုဏ်ပြုထိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗမာတိုင်းရင်းသားလူမျိုးတစ်ခုတည်းကိုပဲ ကိုယ်စားပြုတာမဟုတ်ပါဘူး။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားခေါင်းဆောင်ကြီးဖြစ်တယ်ဆိုတာ အားလုံးကို တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် အောင်ဆန်းအက်တလီစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါတယ်။ ယင်းနောက် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးအတွက်လည်း ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးလည်းဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရန်လမ်းပြပေးခဲ့တဲ့ တိုင်းရင်းသားအားလုံးတို့ရဲ့ခေါင်းဆောင်၊ လွတ်လပ်ရေးရဲ့ဗိသုကာ၊ တပ်မတော်ရဲ့ဖခင်ကြီးလည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တိုင်းပြည်အပေါ်ထားရှိတဲ့ စိတ်ကောင်းစေတနာတွေ၊ ဖြူစင်ရိုးသားမှုတွေ၊ စွန့်လွှတ်အနစ်နာခံမှုတွေအပေါ် ယုံကြည်လာကြတဲ့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ်ပေါက်လာရေးအတွက် ကြိုးစားအားထုတ်ခဲ့ကြတာတွေကို မျိုးဆက်သစ်လူငယ်များ အမြဲတမ်းအမှတ်ရစေဖို့အတွက် အဆိုရှင်က စိတ်ကောင်းစေတနာထားပြီး အဆိုတင်သွင်းခဲ့ခြင်းအပေါ်လည်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနှင့်ပတ်သက်လို့ အချို့သောပုဂ္ဂိုလ်များက တံတားအမည်ပေးတဲ့ ကိစ္စနှင့်ပတ်သက်ပြီး အမျိုးမျိုးထင်မြင်ယူဆပြောဆိုနေကြတာကို တွေ့ရပါတယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် အာဏာရှင်စနစ်ရဲ့အရိပ်အမည်းကြီးက ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်ပြီး ဘယ်လောက်အထိ အမှောင်ချခံထားရတယ်ဆိုတာကို မြင်တွေ့နိုင်ပါတယ်။ ကျွန်တော်တို့ရဲ့

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ မသမာသူလူတစ်စုရဲ့လုပ်ကြံသတ်ဖြတ်မှုကြောင့် သူ့ရဲ့အသက် ၃၂ နှစ် ၅ လ ၆ ရက်မှာပဲ တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ လူကပင်သေဆုံးသွားသော်လည်း နာမည်ကတော့ ဘယ်တော့မှမသေတဲ့ ကမ္ဘာတည်သရွေ့ထာဝရရှင်သန်နေမယ့် တိုင်းရင်းသားအားလုံးတို့ရဲ့ခေါင်းဆောင် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးတစ်ဦးလည်းဖြစ်ပါတယ်။ တိုင်းရင်းသားများ စုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ဗိုလ်ချုပ်အောင်ဆန်းဟာ အနန္တကျေးဇူးရှင်ကြီးတစ်ဦးဖြစ်သလို ကမ္ဘာကတောင် လေးစားရတဲ့ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်ပါတယ်။ ယခင်ကာလများက အလွန်အတ္တကြီးတဲ့ လူတစ်စုရဲ့မနာလိုမုန်းတီးစိတ်တွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့သမိုင်းပုံရိပ်များ ကျဆင်းအောင်၊ မေ့ပျောက်အောင် တမင်ပြုလုပ်ခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ယနေ့ခေတ်ကာလသို့ရောက်မှသာ ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံကလေးများနေ့အဖြစ်သတ်မှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်တဲ့ ကဗျာများရွတ်ဖတ်ခြင်း၊ တေးသီချင်းများသီဆိုခြင်း၊ စာပေဟောပြောပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို နိုင်ငံအနှံ့အပြားတွင် ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ၏စိတ်ထဲတွင် စံနမူနာကောင်းတွေနဲ့ပြည့်စုံတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့စိတ်ဓာတ်တွေကိန်းအောင်းလာအောင် ဆောင်ရွက်ပေးရမှာက ကျွန်တော်တို့အားလုံးရဲ့ သမိုင်းပေးတာဝန်ပါ။ ဒါမှသာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီစနစ်အပေါ် အကျိုးပြုနိုင်မယ့်လူငယ်များ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့်ပြည့်စုံတဲ့ လူငယ်တွေ အမြောက်အမြားပေါ်ထွက်လာမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ကာလများက ကျွန်တော် မော်လမြိုင်မြို့သို့ရောက်ခဲ့စဉ်က မြို့လယ်ခေါင်ရဲ့ အဝိုင်းပတ်နေရာမှာ ဆွမ်းအုပ်ရုပ်တုကြီးရှိနေတာကို တွေ့ရပါတယ်။ ယခု ပြည်သူ့အစိုးရသစ် ခေတ်ကာလသို့ရောက်လာတဲ့အခါမှာတော့ မူလဆွမ်းအုပ်နေရာမှာ မွန်လူမျိုးတို့ရဲ့ အထိမ်းအမှတ်သင်္ကေတဖြစ်တဲ့ ဟင်္သာရုပ်တုနဲ့ပြောင်းလဲပေးထားတာကို တွေ့ရှိခဲ့ရပါတယ်။ ဒါက ဘာကိုပြသလည်းဆိုရင် ကျွန်တော်တို့ရဲ့ ပြည်သူ့အစိုးသစ်ဟာ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့အမွေအနှစ်အထိမ်းအမှတ်တွေကို ပြန်လည်ဖော်ထုတ်ပေးခြင်းဖြစ်တာကိုလည်း မြင်တွေ့နိုင်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ကြည့်ပါက ဘယ်ပြည်နယ်၊ ဘယ်တိုင်းမှာမှ ဗိုလ်ချုပ်အောင်ဆန်းအမည်နဲ့ မှည့်ခေါ်ထားတဲ့ တံတားတစ်စင်းမှမရှိပါ။ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်

ကြားရှိ တံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားဆိုပြီး စတင်မှည့်ခေါ်ဖို့ အကြောင်းပေါ်လာတော့ ကျေးဇူးရှင်ကို တစ်နည်းအားဖြင့် ကျေးဇူးဆပ်ခွင့်ရတော့မယ့် မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ ပိုလို့တောင်ဂုဏ်ယူသင့်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် သံလွင်မြစ်ပေါ်မှာ တည်ဆောက်ထားတဲ့ မော်လမြိုင်-ချောင်းဆုံ မြစ်ကူးတံတားအပါအဝင် မြို့တိုင်း၊ နယ်တိုင်းမှာလည်း ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုတွေ ဖော်ဆောင်ပေးခြင်းဖြင့် နောင်မျိုးဆက်သစ်လူငယ်များက ဗိုလ်ချုပ်အောင်ဆန်းရဲ့ တိုင်းပြည်အပေါ် ထားရှိတဲ့ စေတနာတွေ၊ စွန့်လွှတ်အနစ်နာခံမှုတွေ မစားဘဲ စွန့်ခဲ့တဲ့စိတ်ဓာတ်တွေကို စံနမူနာထားပြီး အားကျအတုယူနိုင်မှာဖြစ်ပါတယ်။ သဘာဝအားဖြင့် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ နေရာဒေသမတူကွဲပြားမှုတွေအပေါ် ခွဲခြားမနေကြဘဲ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကိုအရင်းတည်ကာ မတူကွဲပြားမှုတွေကို အင်အားအဖြစ်အသုံးချပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာစေဖို့အတွက် (၂၁)ရာစုပင်လုံညီလာခံကြီး အောင်မြင်ပါစေကြောင်း ဆန္ဒပြုရင်း မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြားမှာ သံလွင်မြစ်ကူးတံတားအသစ်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့နာမည်နဲ့ ဂုဏ်ပြုသတ်မှတ်ပေးဖို့အတွက် ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့အဆိုကို တိုက်တွန်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်ဆိုပြီးတော့ မြစ်ကြီးလေးစင်းရှိတဲ့နေရာမှာ နိုင်ငံသားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချင်းချင်းကြား ဆက်သွယ်ရေး၊

ပြည်နယ်အချင်းချင်းကြား ဆက်သွယ်ရေးဆိုပြီးတော့မှ မြစ်ကူးတံတားတွေကို ခေတ်အစိုးရ အဆက်ဆက်ကနေ တည်ဆောက်ခဲ့ကြတဲ့နေရာမှာ သံလွင်မြစ်ကိုဖြတ်ပြီးတော့မှ မြစ်ကူးတံတားကြီး တွေဟာ ပေ ၁၀၀ နှင့်အထက်တွေ၊ ပေ ၁၀၀၀ နှင့်အထက်တွေဆိုပြီးတော့ တံတားရှစ်စင်းခန့်ရှိတယ် လို့သိရှိရပါတယ်။

တံတားတွေကိုအမည်ပေးတဲ့နေရာမှာ သမိုင်းခေတ်တွေမှာ တိုင်းပြည်ကိုတည်ထောင်ခဲ့ကြတဲ့ လူပုဂ္ဂိုလ်တွေရဲ့ အမည်နဲ့မှည့်ခေါ်ထားတဲ့ တံတားတွေ၊ မြို့ကိုအမှီပြုပြီးတော့မှ မှည့်ခေါ်ထားတဲ့ တံတားတွေများစွာရှိခဲ့ကြပါတယ်။ ဒါပေမဲ့လို့ လွတ်လပ်ရေးမတိုင်မီခေတ်နဲ့ လွတ်လပ်ရေးခေတ်ဦး ကာလတွေမှာ သမိုင်းကိုလှုပ်ရှားလာခဲ့ကြတဲ့၊ သမိုင်းမှာပါဝင်ပတ်သက်လာခဲ့ကြတဲ့ အာဇာနည် ပုဂ္ဂိုလ်ကြီးတွေရဲ့အမည်တွေနဲ့ ဂုဏ်ပြုသတ်မှတ်ပေးထားတဲ့ တံတားတွေတစ်စင်းမှမရှိဘူးလို့လည်း အဆိုရှင်ကနေ ထောက်ပြဆွေးနွေးထားတာကို တွေ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်၊ သမိုင်းဆိုတာဟာ မအအောင်လို့ သင်ပေးတာပါလို့ သမိုင်းပါမောက္ခကြီးက သမိုင်းဘာသာရပ်ကို သင်ယူရခြင်းရဲ့ရည်ရွယ်ချက်ကို ပြောပြခဲ့သလို လူတစ်ဦး၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံမှာ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းမှတ်တမ်းတွေရှိပါ တယ်။ အဲဒီသမိုင်းကိုသိမှသာလျှင် မိမိရဲ့လူမျိုးချစ်စိတ်၊ မိမိရဲ့တိုင်းပြည်ကိုချစ်စိတ်ကို ပိုမိုထိန်းသိမ်း စောင့်ရှောက်နိုင်မှာလည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ကို သူ့ကျွန်ဘဝကနေ လွတ်မြောက်လာအောင် ရဲဘော်သုံးကျိပ်ကိုဦးဆောင်ပြီးတော့မှ နယ်ချဲ့ကို ရွတ်ရွတ်ချွံချွံတော်လှန်ခဲ့တဲ့ အချုပ်အခြာအာဏာပိုင်တဲ့၊ လွတ်လပ်တဲ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်ဖို့ အတွက် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ကို အုတ်မြစ်ချပေးလာခဲ့တဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ပင်လုံစာချုပ်နဲ့သက်သေပြနိုင်ခဲ့တဲ့ ဒီအမျိုးသားခေါင်းဆောင်ကြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ မြန်မာနိုင်ငံသားအားလုံးရဲ့ လွတ်လပ်ရေးဗိသုကာကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဗိုလ်ချုပ်ကို ဂုဏ်ပြုပြီးတော့မှ သတ်မှတ်ပေးချင်တယ်ဆိုတဲ့အကြောင်းကို အဆိုရှင်ရဲ့ ဗိုလ်ချုပ်ရဲ့ ကျေးဇူးတရားတွေကို ရှင်းလင်းဆွေးနွေးသွားတာကိုလည်း ထောက်ခံအပ်ပါတယ်ရှင်။

သမိုင်းမှားခဲ့သူတွေရဲ့လုပ်ရပ်ကို သင်ခန်းစာယူဖို့ လူသေသွားပေမယ့်လို့လည်း နာမည်မသေ သွားခဲ့တဲ့ ပုဂ္ဂိုလ်ကျော်တွေ၊ လူတွေမသေသေးပေမယ့်လို့လည်း နာမည်သေသွားကြတဲ့ လူပုဂ္ဂိုလ် တွေဟာ ကျွန်မတို့ မြန်မာနိုင်ငံရဲ့သမိုင်းမှာကော၊ ကမ္ဘာ့သမိုင်းမှာကော အများကြီးလေ့လာတွေ့ရှိရ

**မူကြမ်း**

မှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လေးစားဂုဏ်ပြုထိုက်တဲ့သူကို လေးစားဂုဏ်ပြုခြင်းဟာလည်း မင်္ဂလာတရားဖြစ်သလို လူပုဂ္ဂိုလ်ကိုပဲဖြစ်ဖြစ်၊ သက်ရှိသက်မဲ့ပစ္စည်းတွေကိုပဲဖြစ်ဖြစ် အမည်နာမပေးခြင်း၊ ကင်ပွန်းတပ်ခြင်းမင်္ဂလာဆိုတာဟာလည်း ကျွန်မတို့ ဗုဒ္ဓဘာသာရဲ့ မင်္ဂလာတရားပဲဖြစ်ပါတယ်။ စိတ်ရင်းလှပဖြူစင်စေချင်လို့ မောင်ဖြူလို့ခေါ်ပါတယ်။ သူ့ရဲ့ရုပ်ဆင်းအင်္ဂါအရ မောင်မဲလို့ဆိုပေမယ့်လို့လည်း သူ့ရဲ့စိတ်ရင်းစေတနာဟာ ပြည်သူပြည်သားတွေအပေါ်မှာ တကယ်ပဲ မှန်ကန်ဖြူစင်တာတွေကို တွေ့ကြရတဲ့အခါမှာ ကျွန်မတို့တွေ သဘောထားရမှာ ပညတ်တရားနှင့် ပရမတ်တရားကို သတိပြုဆင်ခြင်စေချင်ပါတယ်။

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့မှာ ပြည်ထောင်စုရဲ့အမျိုးသားရေးဦးတည်ချက်(၄)ရပ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ်ပေါက်လာရေး၊ ပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးဆိုတဲ့ ဒီမူဝါဒတွေ (၄)ရပ်ကိုချမှတ်ပြီးတော့ အကောင်အထည်ဖော်တဲ့နေရာမှာ တံတားကြီးခြင်း၊ ငယ်ခြင်း၊ နာမည်ပေးခြင်း၊ မပေးခြင်းကို အဓိကမထားဘဲနဲ့ အဲဒီတံတားအပေါ်မှာ အမှီပြုပြီးတော့မှ ကျွန်မတို့ပြည်သူပြည်သားတွေရဲ့ လူမှုဘဝစီးပွားမြင့်တက်ရေးကို အဓိကထားပြီးတော့မှ ဆောင်ရွက်နိုင်ကြမယ်ဆိုလို့ရှိရင် ဗိုလ်ချုပ်အောင်ဆန်းလို တိုင်းပြည်ရဲ့ပညာတတ်တွေ မြောက်မြားစွာ ကျွန်မတို့ မွေးထုတ်လာနိုင်မယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဂုဏ်ရည်တွေလိုမျိုး ပြည့်စုံတဲ့တိုင်းသူပြည်သားတွေကို မွေးထုတ်လာနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တံတားရဲ့အရည်အချင်းကို အကျိုးရှိရှိအသုံးချပြီး၊ အချိန်ကိုအကျိုးရှိစွာအသုံးချပြီး လူမှုတိုးတက်မှုဘဝကို ဖော်ထုတ်ရရှိနိုင်ပါစေကြောင်း ဆုတောင်းရင်းနဲ့ ဒေါ်မိကွန်ချမ်း၏အဆိုကို လေးနက်စွာတိုက်တွန်းဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်မ ဦးစွာဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး ချင်းအမျိုးသမီးဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတင်ပြလိုတဲ့အချက်က

တော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းအဆိုပြုတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့အကြားရှိ သံလွင်မြစ်ပေါ်တွင်ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အမည်နာမဖြင့် ဂုဏ်ပြု သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို ကျွန်မအနေနဲ့ ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်ရှင့်။ ဒီလိုထောက်ခံမဆွေးနွေးခင် ကြိုတင်ပြီးတော့ တင်ပြလိုတဲ့အချက်ကတော့ တံတားကို ဗိုလ်ချုပ်အောင်ဆန်းအမည် သတ်မှတ်သင့်တယ်လို့ အမြင်ရှိသူတွေနှင့် မသတ်မှတ်သင့်ပါ ဘူးလို့ အမြင်ရှိသူများဆိုပြီး မတူကွဲပြားတဲ့ သဘောထားအသံများကို ဒီမိုကရေစီစနစ် အခြေတည်နိုင် အောင် ကျင့်သုံးနေတဲ့နိုင်ငံပီပီ လွတ်လပ်စွာထုတ်ဖော်ပြောဆိုကြတာကို ကြားရတဲ့အတွက် ကျွန်မ အနေနဲ့ ဂုဏ်ယူဝမ်းသာရပါတယ်ရှင့်။ ကျွန်မအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းတံတားအဖြစ် သတ်မှတ် သင့်ကြောင်း ဆွေးနွေးသွားမှာဖြစ်ပေမဲ့ မသတ်မှတ်သင့်ပါဘူးလို့ သဘောထားအမြင်ရှိသူတွေကို လည်း လေးစားသွားပါမယ်လို့ အလေးအနက်တင်ပြအပ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံကြီးကို ဒီမိုကရေစီအခြေခံမူများ၊ စံနှုန်းများ၊ ကျင့်ဝတ်များနှင့် အညီ အစပိုင်းမှာ ထူထောင်တည်ဆောက်နိုင်ခဲ့ကြသော်လည်း ကံမကောင်း၊ အကြောင်းမလှတဲ့ဖြစ်စဉ် များကြောင့် နှစ်ပေါင်း ၅၀ ကျော်ကြာ ဒီမိုကရေစီဆိတ်သုဉ်းပြီး အာဏာရှင်စနစ်အောက်မှာ အရာရာ နိမ့်ကျစွာဖြင့် ကျွန်မတို့ ဖြတ်သန်းခဲ့ကြရပါတယ်။ ဒီနေ့ဒီအချိန်မှာတော့ ကျွန်မတို့နိုင်ငံကြီးဟာ ပြည်သူ ပြည်သားများရဲ့ မလျှော့တဲ့ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယများနှင့် ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကြောင့် ဆုံးရှုံး ခဲ့ရတဲ့ ဒီမိုကရေစီစံနှုန်းတချို့ကို ပြန်လည်ရယူတည်ဆောက်နိုင်ခဲ့ပြီဖြစ်လို့ ပြည်သူပြည်သားများရဲ့ ဆန္ဒနှင့် ရွေးချယ်ဖွဲ့စည်းထားတဲ့ လွှတ်တော်များမှာ တိုင်းပြည်ရဲ့အရေးကိစ္စများကို ရင်းနှီးပွင့်လင်း စွာဖြင့် ဆွေးနွေးဆုံးဖြတ်နိုင်ကြပြီး၊ တိုင်းပြည်ရဲ့အနာဂတ်ကို ပြည်သူပြည်သားများနှင့်အတူ တာဝန်ယူ ထမ်းဆောင်တည်ဆောက်နေကြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ကို တည်ဆောက်ရာမှာ နိုင်ငံတိုင်းနိုင်ငံတိုင်းဟာ သယံဇာတပစ္စည်း များကို အခြေတည်ပြီးတော့ တည်ဆောက်ကြတာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့သယံဇာတတွေထဲမှာ လူသားသယံဇာတဟာ အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံးဖြစ်ပါတယ်။ လူအချင်းချင်းမှာပဲ ကြိုးပမ်း အားထုတ်မှု၊ စေတနာနှင့် မေတ္တာတရားကြီးမားမှုမတူညီကြတာကြောင့် တချို့သူများဟာ မထင်မရှား ကွယ်ပျောက်ပြီးတော့မှ တချို့သူများကတော့ တိုင်းပြည်နှင့် နိုင်ငံသာမကဘဲနဲ့ ကမ္ဘာကြီးကိုတောင်

ကိုယ်စားပြုနိုင်တဲ့ ခေါင်းဆောင်ကြီးတွေဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်မှာ တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးရဲ့ယုံကြည်မှုကို ရယူနိုင်ခဲ့လို့ ပင်လုံပြည်ထောင်စုစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာဆိုရင် တန်ဖိုးမဖြတ်နိုင်တဲ့ လူသားသယံဇာတ ဖြစ်ပါတယ်ရှင့်။ တိုင်းပြည်အတွင်းမှာရှိတဲ့ သယံဇာတများကို ပြည်သူပြည်သားများအားလုံးက အညီအမျှတန်းတူပိုင်ဆိုင်ကြတာကြောင့် ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ လူသားသယံဇာကို ကျွန်မတို့ တိုင်းရင်းသားအားလုံးက ပိုင်ဆိုင်ပါတယ်ရှင့်။

ကျွန်မဟာ ချင်း၊ ဗမာတိုင်းရင်းသားနှစ်မျိုး အချိုးတူနေထိုင်တဲ့မြို့ကို ကိုယ်စားပြုသူအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းအပေါ် ချင်းတိုင်းရင်းသားများရဲ့အမြင်ကို အလျဉ်းသင့်လို့ ကျွန်မတင်ပြလိုပါတယ်။ အင်္ဂလိပ်တွေက တောင်တန်း၊ ပြည်မခွဲခြားပြီး လွတ်လပ်ရေးပေးမယ်လို့ ပင်လုံမြို့မှာ တိုင်းရင်းသားခေါင်းဆောင်တွေ ဆွေးနွေးကြတဲ့အချိန်မှာ ဗမာတစ်ကျပ်၊ ရှမ်းတစ်ကျပ်၊ ကချင်တစ်ကျပ်၊ ချင်းတစ်ကျပ် သာတူညီမျှရေးမူနှင့် နေကြမယ်။ လွတ်လပ်ရေးအတူယူပြီး ပြည်ထောင်စုနိုင်ငံထူထောင်ဖို့ ဗိုလ်ချုပ်က ကတိပေးပြီး စည်းရုံးခဲ့တာကို သမိုင်းမှတ်တမ်းများအရ သိရပါတယ်။ ဆွေးနွေးပွဲအဆင်မပြေဖြစ်ကြတဲ့အချိန်မှာ ကျွန်မတို့ချင်းခေါင်းဆောင်များက လက်ခံပြီး၊ ကျန်တိုင်းရင်းသားများနှင့်အတူ ပင်လုံစာချုပ်ချုပ်ဆို လွတ်လပ်ရေးအတူတကွ ယူခဲ့ကြတာပါ။ တိုင်းရင်းသားအားလုံးရဲ့ ကိုယ်စားပြုခွင့်ကို ပေးခဲ့ကြပါတယ်။

ချင်းတိုင်းရင်းသားတွေ လက်ခံကြတဲ့အကြောင်းကို အဲဒီအချိန်က ညီလာခံတက်ခဲ့ကြတဲ့ ကျွန်မအမျိုး ဦးဆဗူးသာက ကျွန်မအဖေကို ပြောပြဖူးတာကတော့ စကားပြန်အနေနဲ့ လိုက်သွားကြတဲ့သူတို့တွေဟာ အထက်တန်းနဲ့ ကောလိပ်ကျောင်းသားတကယ့်လူငယ်တွေပါ။ ဘယ်လိုလူကြီးတွေပဲရှိရှိ အစည်းအဝေးခန်းမှာ ဆူညံနေကြတယ်။ ဗိုလ်ချုပ်ဆောင်ဆန်းဝင်လာရင်တော့ အလိုလိုငြိမ်သက်သွားတဲ့အထိ ဩဇာကြီးပါတယ်။ ချင်းတိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်တွေက ဒီကောင်လေး ငယ်ငယ်လေးရှိသေးတယ်၊ သတ္တိရှိတယ်၊ ရိုးသားဖြောင့်မတ်ပြီး အမြော်အမြင်လဲကြီးတယ်။ သူ့လူတွေအပြင် အစည်းအဝေးတက်တဲ့အားလုံးအပေါ် ဩဇာညောင်းတယ်၊ သူပေးတဲ့ကတိတည်မှာပါ။ ကိုယ့်ဘာသာနေပြီး လွတ်လပ်ရေးယူမယ့်အစား သူနဲ့ပေါင်းပြီး သူ့ဦးဆောင်မှုအောက်မှာ နှစ်များစွာ နေကြရင် လူမျိုးစုများတဲ့ ဒို့လူမျိုးအတွက် ပိုကောင်းမယ်လို့ ဆုံးဖြတ်လက်ခံခဲ့တာပါဆိုပြီး ပြောပြခဲ့တာကိုမှတ်သားဖူးပါတယ်ရှင့်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင့်။ မြို့ကြီးတိုင်းအားလုံးနီးပါးရဲ့ အဓိကလမ်းများကို ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသည့်အနေဖြင့် ဗိုလ်ချုပ်လမ်းအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြပါတယ်။ ထူးခြားတာက မြို့ကြီးတိုင်းရဲ့ အဓိကလမ်းတစ်လမ်းကို ဗိုလ်ချုပ်လမ်းအဖြစ် သတ်မှတ်ဂုဏ်ပြုလေ့ရှိပေမဲ့ တံတားများကိုတော့ ဗိုလ်ချုပ်အမည်ဖြင့် ဂုဏ်ပြုမှည့်ခေါ်တာမရှိသေးပါဘူး။ တံတားတစ်စင်းကို အမည်တစ်ခုခေါ်ပြီးပါကလည်း လမ်းများကဲ့သို့ နာမည်တူမှည့်ခေါ်လေ့မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ခုမှည့်ခေါ်ရန် မော်လမြိုင်၊ ချောင်းဆုံလမ်းပေါ်ကတံတားကို ဗိုလ်ချုပ်အောင်ဆန်း တံတားအဖြစ် အမည်မှည့်ခေါ်ပေးပါကလည်း အခြားမည်သည့်ဒေသက တံတားများ မှည့်ခေါ်ခွင့်မရကြတော့ပါဘူး။ ကျန်ရှိနေကြတဲ့ ကျွန်မတို့ဒေသအတွက် ဒီလိုအခွင့်အရေးလက်လွှတ်ခဲ့ရပေမဲ့ မွန်တိုင်းရင်းသားများအတွက် ချင်းတိုင်းရင်းသူဖြစ်တဲ့ ကျွန်မအနေနဲ့ မုဒိတာပွားမိပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့် နိဂုံးချုပ်အနေဖြင့် ကျွန်မတို့တိုင်းပြည်ကြီးကို စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ကြီး အသစ်တစ်ဖန်ပြန်လည်တည်ဆောက်နေတဲ့ ယနေ့အချိန်မှာ လူများစုရှိတဲ့ တိုင်းရင်းသားများသာမက တိုင်းရင်းသားများကပါ သဘောထားကြီးကြရမှာမဟုတ်သလို ကျွန်မတို့လို လူနည်းစုဖြစ်တဲ့ တိုင်းရင်းသားများကလည်း အသိအမှတ်ပြုလေးစားကြရမှာဖြစ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေး၊ တန်းတူရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုအရေးကို အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် (၂၁)ရာစုပင်လုံညီလာခံကြီးကို ကျင်းပတဲ့အချိန်လည်းဖြစ်ပါတယ်။ ဒီလိုအချိန်အခါမျိုးမှာ ကျွန်မတို့ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တံတားသစ်ကြီးတစ်စင်းကို ဗိုလ်ချုပ်အောင်ဆန်းတံတားအမည်ပေးအသိအမှတ်ပြုခြင်းအားဖြင့် အပြန်အလှန်တန်ဖိုးထားမှုများ မြင့်တက်လာပြီး တန်းတူရည်တူရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံသစ်ကြီးတည်ဆောက်ရာမှာ အထောက်အကူဖြစ်နိုင်မှာဖြစ်တဲ့အတွက် မော်လမြိုင်၊ ချောင်းဆုံလမ်းပေါ်ရှိ တံတားအား ဗိုလ်ချုပ်အောင်ဆန်းတံတားအမည်ပေးမှည့်ခေါ်ရန်အဆိုအား ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ။ ကျွန်မကတော့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူဖြစ်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ထောက်ခံ

ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ နိုင်ငံတကာမှာ မိမိတို့နိုင်ငံအလိုက် စံပြုစရာ၊ ဂုဏ်ပြုစရာ စာပေပညာရှင်၊ အတွေးအခေါ်ပညာရှင်၊ နိုင်ငံရေးသမား အစရှိတဲ့ အမျိုးသားသူရဲကောင်းများရှိကြပါတယ်။ နိုင်ငံအသီးသီးရဲ့ကိုလိုနီအဖြစ် သိမ်းပိုက်ခံခဲ့ရတဲ့ အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံများမှာဆိုရင် ကိုလိုနီဘဝကလွတ်မြောက်နိုင်ရန်အတွက် ကြိုးပမ်းခဲ့ကြတဲ့ အမျိုးသားသူရဲကောင်းများ နိုင်ငံအလိုက်မှာ ပေါ်ထွက်လာခဲ့ကြပါတယ်။ အဆိုပါနိုင်ငံများမှာကြည့်မယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံမှာဆိုရင် မဟတ္တမဂန္ဒီလိုမျိုး၊ နေရူးလိုမျိုး၊ ဗီယက်နမ်နိုင်ငံမှာဆိုရင် ဟိုချီမင်းလိုမျိုး၊ ထိုင်ဝမ်မှာဆို ဒေါက်တာဆွန်ယက်ဆင်လိုမျိုး၊ စင်ကာပူမှာဆိုရင် လီကွမ်ယုလိုမျိုး အစရှိတဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေ ပေါ်ထွန်းခဲ့ပါတယ်။ အဲဒီနိုင်ငံတွေမှာ ပြန်ကြည့်မယ်ဆိုရင်လည်း အမျိုးသားခေါင်းဆောင်ကြီးများ၏ တိုင်းပြည်အပေါ်မှာထားတဲ့ စေတနာ၊ အနစ်နာခံမှု၊ ရှေ့ရေးတွေးမြင်မှု၊ ကြိုးစားအားထုတ်မှု၊ ရိုးသားဖြောင့်မတ်တည်ကြည်မှုတွေကြောင့်လည်း နိုင်ငံသူနိုင်ငံသားများက ငွေစက္ကူများ၊ ငွေဒင်္ဂါးများ၊ တံဆိပ်ခေါင်းများအပေါ်မှာ အမျိုးသားခေါင်းဆောင်ကြီးများ၏ပုံကို ရိုက်နှိပ်ဂုဏ်ပြုကြပါတယ်။ ရုပ်တုများထုလုပ်စိုက်ထူပါတယ်။ မြို့တော်၊ တက္ကသိုလ်၊ တံတား၊ လမ်း၊ ပန်းခြံများကို အဆိုပါသူရဲကောင်းများ၏အမည်ဖြင့် ဂုဏ်ပြုခြင်းတို့ကို ပြုလုပ်ကြပါတယ်။ ဒီလိုရိုက်နှိပ်ဖော်ပြရာ၊ အမည်ပေးဂုဏ်ပြုကြရာမှာလည်း ရည်ရွယ်ချက်နှစ်ခုထားရှိ တတ်ကြပါတယ်။ နံပါတ်(၁)ကတော့ အမျိုးသားခေါင်းဆောင်ကြီးများရဲ့ နိုင်ငံ့အပေါ်မှာထားရှိခဲ့ကြတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ စေတနာနဲ့ ကြိုးပမ်းမှုတွေကို အောက်မေ့သတိရဂုဏ်ပြုတာဖြစ်ပြီး၊ ဒုတိယတစ်ချက်ကတော့ မျိုးဆက်သစ်လူငယ်များအကြား အဆိုပါအမျိုးသားခေါင်းဆောင်ကြီးများ၏ စံပြုထိုက်စရာ ဝိသေသများအား အတုယူအားကျကာ နိုင်ငံသားကောင်းများဖြစ်လာစေလိုရေးဆိုတဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မတို့မြန်မာနိုင်ငံမှာလည်း ကိုလိုနီနယ်ချဲ့လက်အောက်မှာ နှစ်ပေါင်းတစ်ရာကျော်ဖိနှိပ်အုပ်စိုးခံရသည့်အနေအထားကနေ လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်ခဲ့ကြတဲ့ ရဟန်း၊ ရှင်၊ လူအပါအဝင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားခေါင်းဆောင်များ အမြောက်အမြားရှိကြပါတယ်။ လွတ်လပ်ရေးအတွက် နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံကနေ တစ်ဦးချင်းစီအနေဖြင့်သော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း ဆောင်ရွက်ခဲ့ကြတာ သမိုင်းမှတ်တမ်းတွေအရ သိရှိကြပြီးလည်းဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားများအားလုံး၊ တိုင်းရင်းသား

များအားလုံး လက်ခံထားတဲ့ အမျိုးသားခေါင်းဆောင်ကြီးကတော့ ဗိုလ်ချုပ်အောင်ဆန်းပဲ ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးဖခင်၊ ရိုးသားသော၊ ကြိုးစားသော၊ အနစ်နာခံသော၊ ရဲရင့်သော၊ ပြတ်သားသော၊ တည်ကြည်သော၊ ရှေ့ရေးတွေးခေါ် မျှော်မြင်နိုင်သော၊ ခေါင်းဆောင်မှုပေးနိုင်သော နိုင်ငံသူနိုင်ငံသားများ စံပြုစရာ အမျိုးသား ခေါင်းဆောင်ကြီးအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြတာပါ။ ကျွန်မတို့မေ့လို့မဖြစ်ပါဘူး။ ကျွန်မတို့ အလေးထားရပါမယ်။ ကျွန်မတို့ဂုဏ်ပြုရပါမယ်။ ကျွန်မတို့ လုံးဝမေ့လို့မဖြစ်ပါဘူး။ ဒီလိုပြောလို့ လွတ်လပ်ရေးအတွက်၊ နိုင်ငံအတွက် ကြိုးပမ်းခဲ့ကြတဲ့ အခြားသောခေါင်းဆောင်ကြီးများကို ဥပေက္ခာ ပြုခြင်းမဟုတ်ဘူးဆိုတာကိုလည်း သိစေလိုပါတယ်။ လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းခဲ့သူ အားလုံးကို ဂုဏ်ပြုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မတို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာတော့ ဗိုလ်ချုပ်အောင်ဆန်းကို တစ်နိုင်ငံလုံးက အမျိုးသား ခေါင်းဆောင်ကြီးအဖြစ် သတ်မှတ်ဂုဏ်ပြုတဲ့အနေနဲ့ ငွေစက္ကူ၊ ငွေဒင်္ဂါးများ၊ တံဆိပ်ခေါင်းများအပေါ် မှာ ရိုက်နှိပ်ဖော်ပြဂုဏ်ပြုခြင်း၊ နိုင်ငံအဝန်း၊ မြို့တိုင်းလောက်နီးပါးမှာ ဗိုလ်ချုပ်ရုပ်တုများ ထုလုပ် စိုက်ထူခြင်း၊ ဗိုလ်ချုပ်တံတား၊ ဗိုလ်ချုပ်ပန်းခြံ၊ ဗိုလ်ချုပ်လမ်း အစရှိသဖြင့် အမည်ပေးသတ်မှတ်ခေါ်ဆို ခဲ့ကြပါတယ်။ အနာဂတ်လူငယ်များ စံပြုစရာအနေနဲ့ ကျောင်းသုံးစာအုပ်များတွင်ပါ ထည့်သွင်းပြဋ္ဌာန်း သင်ကြားပေးခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ပြီးခဲ့တဲ့နှစ်ကာလတစ်ခုအတွင်းမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ ငွေကြေးများ၊ တံဆိပ်ခေါင်းများ၊ ဓာတ်ပုံများ၊ ပန်းခြံများ၊ အမှတ်ရစရာများ၊ အထိမ်းအမှတ်များ၊ လမ်းအမည်၊ တံတားအမည်များဟာ မှေးမှိန်အောင် ဖုံးကွယ်ထားခြင်း၊ ဖျောက်ဖျက်ပစ်ခြင်း၊ ပြောင်းလဲခြင်း၊ နှိမ့်ချခြင်းခံခဲ့ရပါတယ်။ နိုင်ငံသူနိုင်ငံသားနဲ့ တိုင်းရင်းသားများအားလုံး ရင်ထဲမှာ အလွန်အင်မတန်မှ ထိခိုက်ကြေကွဲခဲ့ကြရ ပါတယ်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အတွင်းမှာပါ မှေးမှိန်အောင် ဆောင်ရွက်ခဲ့ကြတဲ့အတွက်အခု နောက်ပိုင်းမွေးဖွားလာတဲ့ လူငယ်တွေဟာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းလိုမျိုး အမျိုးသားခေါင်းဆောင် ကြီးရဲ့ ဂုဏ်ယူစရာ၊ စံပြုစရာတွေနဲ့ ကင်းဝေးခဲ့ကြရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ အရာတွေကို မည်သို့ပင်ဖြစ်စေ၊ မည်သူကဖြစ်စေ မှေးမှိန်အောင်ဆောင်ရွက်ခဲ့ပေမဲ့ ကျွန်မတို့နိုင်ငံသား

တွေရဲ့ ရင်ထဲမှာတော့ စွဲထင်လျက်ရှိကြောင်းပါ။ ယနေ့အချိန်မှာ ဒီလိုအခြေအနေမျိုးကနေကျော်လွန်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံ့အပေါ်မှာထားရှိ ကျေးဇူးတရားတွေအတွက် ပြန်လည်ပေးဆပ်ဖို့ အခွင့်ကောင်းအခါကောင်းတစ်ခုကို ပြန်လည်ရရှိနေပါပြီ။ ဒါကြောင့်လည်း အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ အမှတ်တရများကို ဂုဏ်ပြုတဲ့အနေနဲ့ ပြန်လည်ဖော်ထုတ်သင့်နေပါပြီ။ နိုင်ငံနဲ့အဝန်းမှာလည်း ဖော်လည်းဖော်ထုတ်နေကြပါပြီ။ ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့လုပ်ကိုလုပ်ရမယ့်နိုင်ငံသားတိုင်းရဲ့ ရင်ထဲက ဆန္ဒဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ယခုအချိန်မှာဆိုရင် မွန်ပြည်နယ်မှာရှိတဲ့ ဒေသခံပြည်သူများ၊ တိုင်းရင်းသားများဟာ ချောင်းဆုံမြို့နယ်အတွင်း၊ သံလွင်မြစ်ပေါ်မှာ တည်ဆောက်ထားတဲ့တံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားအဖြစ် အမည်ပေးရင်း အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂုဏ်ကျေးဇူးကိုပေးဆပ်ဖို့ အခွင့်သာနေပြီဖြစ်ပါတယ်။ သမိုင်းအစဉ်အလာကြီးမားလှတဲ့ မွန်လူမျိုးတွေမှာ အထူးအမြတ်ပြုစရာ သူရဲကောင်းတွေ၊ ရဟန်းပညာရှိ၊ လူပညာရှိတွေအမြောက်အမြားရှိပါလျက်နဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အလေးအမြတ်ထားဂုဏ်ပြုပြီး ဗိုလ်ချုပ်အောင်ဆန်းတံတားလို့ အမည်ပေးဖို့ အဆိုတင်သွင်းခြင်းဟာ အလွန်အင်မတန်မှ ဝမ်းမြောက်ချီးကျူးဂုဏ်ယူစရာလည်း ကောင်းလှပါတယ်။ မွန်ပြည်နယ်ဒေသခံများအတွက် ထူးခြားတဲ့အခွင့်အရေးတစ်ခုရသွားသလိုပါပဲ။ ကျွန်မတို့ ကျန်တဲ့ဒေသများမှာလည်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ အထိမ်းအမှတ်တွေကို ပြန်လည်ဖော်ထုတ်ကြဖို့တိုက်တွန်းပါတယ်။ နိဂုံးချုပ်အားဖြင့် မြန်မာ့ယဉ်ကျေးမှု မင်္ဂလာတရားတော်မှာပါသည့်အတိုင်း ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြုခြင်း၊ ချီးမွမ်းထိုက်သူကိုချီးမွမ်းခြင်းဟာ မင်္ဂလာတရားတော်နှင့် ညီပါတယ်လို့ဆိုပါတယ်။ ဒါကြောင့် ချောင်းဆုံမြို့နယ်အတွင်း ။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့အဆိုနှင့်ပတ်သက်ပြီး ကျွန်တော့်အမြင် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာမှာ မိမိနိုင်ငံကခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားတဲ့ပုဂ္ဂိုလ်များကို လေ့လာကြည့်လိုက်တဲ့အခါမှာ ကိုယ်ကျိုးမဖက်အနစ်နာခံ အသက်ကိုပဓာနမထား ရိုးသားကြိုးစားစိတ်ဖြင့် မိမိလူမျိုးနှင့် တိုင်းပြည်လွတ်မြောက်ရေး၊ ပြည်သူလူထုဘဝတိုးတက် ပြောင်းလဲရေးကို ပထမစွန့်စားဦးဆောင်ပြီး အသက်စွန့်ခဲ့သူ၊ ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ် လုပ်ဆောင်နိုင်ပြီး အသက်ဆုံးသွားသူပုဂ္ဂိုလ်များကို ပြည်သူနှင့်သမိုင်းပညာရှင်များက မိမိနိုင်ငံရဲ့ သူရဲကောင်းခေါင်းဆောင်အဖြစ် အခြားပုဂ္ဂိုလ်အစားထိုးပြောင်းလဲခြင်းမရှိ ကမ္ဘာတည်သရွေ့မှတ်တမ်းတင် ကမ္ဗည်းထိုးလေးစားဂုဏ်ပြုနေကြတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ သာဓကအားဖြင့် အမေရိကန်မှာ George Washington၊ အိန္ဒိယမှာ မဟတ္တမဂန္ဒီ၊ တရုတ်မှာ မော်စီတုန်း၊ ဗီယက်နမ်မှာ ဟိုချီမင်း၊ မြန်မာနိုင်ငံမှာတော့ ဗိုလ်ချုပ်အောင်ဆန်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်တပ်မတော်ရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ပြီး အတိတ်သမိုင်းကို ပြန်တွေးကြည့်ရင် ဗိုလ်ချုပ်အောင်ဆန်းက နယ်ချဲ့အင်္ဂလိပ်အစိုးရလက်ထက်မှာ လွတ်လပ်ရေးရယူရန် ဦးဆောင်ကြိုးစားခဲ့ခြင်း၊ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များကိုလည်း လွတ်လပ်ရေးအတူရယူဖို့ ကြိုးစားစည်းရုံးပြီး ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံသဘောတူစာချုပ်ကို ချုပ်ဆို နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ မကြာသော ဇူလိုင်လ ၁၉ ရက်နေ့မှာတော့ လူမျိုးအချင်းချင်း နိုင်ငံရေးပြိုင်ဘက် ကောက်ကျစ်တဲ့ဂဠုန်ဦးစောအဖွဲ့ရဲ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ရပါတယ်။ ဒါပေမဲ့လည်း လူသာသေတယ်။ သူ့အကြောင်း၊ သူ့ဝိညာဉ်တော့ရှင်သန်နေဆဲ။ ဘာကြောင့်လဲဆိုတော့ ပြည်သူလူထုက အသိအမှတ်ပြုထားတဲ့ အာဇာနည်ပုဂ္ဂိုလ် သူ့အသက်ဝိညာဉ် အသက် ၁၀၂ နှစ်ပြည့်ပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာကြောင့် အခုတစ်ဖန် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ပွင့်လင်းပြောဆိုထောက်ပြချီးကျူးပြောနေကြလဲဆိုတာကို အကောင်းမြင် အကောင်းတွေး အဖြစ်မှန်သခ်န်းစာယူစရာအဖြစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံကိုဆက်လက်အုပ်ချုပ်ခဲ့သော နိုင်ငံ့ခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းစည်းရုံးသဘောတူခဲ့သော ကတိကဝတ်များကို ဆက်လက်အကောင်အထည်မဖော်ခဲ့ခြင်း၊ တိုင်းရင်းသားများ၏တောင်းဆိုမှုကို စိတ်ရှည်လက်ရှည်နှင့် ပြန်လည်ညှိနှိုင်းအဖြေရှာခြင်းမျိုး မဆောင်ရွက်ဘဲ ဗိုလ်ချုပ်နေဝင်း၏ ၁၉၆၂ ခုနှစ်၊ တိုင်းပြည်အာဏာကိုသိမ်းလိုက်ပြီး နိုင်ငံကိုအဆင်းရဲဆုံးဘဝရောက်အောင် အုပ်ချုပ်သွားခဲ့လို့ နိုင်ငံရေးသမားနှင့် ပြည်သူလူထုက အာဏာသိမ်း

ပြီးအုပ်ချုပ်ခြင်းသည် မဟာအမှားပဲလို့ ယနေ့ထောက်ပြပြောဆိုနေကြပါတယ်။ တစ်စပ်တည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိ၊ သမိုင်းဓာတ်ပုံ၊ အမည်နာမလုပ်ဆောင်ချက်မှန်သမျှကိုလည်း နောင်လာနောက်သားများ လုံးဝမသိရှိစေရန် သမိုင်းလက်ဆင့်ကမ်းခြင်းမျိုး လုံးဝမရှိရလေအောင် သမိုင်းကိုဖျောက် စုံးစုံးပျောက်ကွယ်သွားအောင် ဆောင်ရွက်လိုက်ကြတာ နှစ်ပေါင်း ၅၀ ကျော် ကြာညောင်းခဲ့ပြီ။ အခုမှ တာဝန်ယူတာဝန်ခံမှုရှိသော ဒီမိုကရေစီအရပ်သားအစိုးရလက်ထက်ရောက်မှ ပြည်သူများက မိမိဆန္ဒဖွင့်ဆိုပြောဆိုနေခြင်း၊ ၎င်းအပြင် ဗိုလ်ချုပ်အကြောင်းပြောခြင်းသည် အသစ် အဆန်းတစ်ခုလိုဖြစ်နေခြင်းဟာ ဗိုလ်ချုပ်ရဲ့သမိုင်း အခန်းအဆက်ပြတ်သွားခြင်းနဲ့ အကျိုးဆက်တွေ ဖြစ်တယ်လို့ ရိုးရိုးပဲကျွန်တော်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့်ပတ်သက်ပြီး အပြုသဘောအမြင်နဲ့တွေးကြည့်မယ်ဆိုရင် မွန်ပြည် နယ်၊ သံလွင်မြစ်ပေါ် ပြည်ထောင်စုအစိုးရမှ တည်ဆောက်သည့်တံတားကို ဗိုလ်ချုပ်အောင်ဆန်း အမည်တပ်မှည့်ခေါ်ဖို့ စီစဉ်နေခြင်းကို မွန်အမျိုးသားနိုင်ငံရေးသမားတချို့နှင့် ပြည်သူတချို့ ကန့်ကွက် နေခြင်းဟာ ပါတီစုံဒီမိုကရေစီစနစ်နဲ့ လွတ်လပ်စွာဆန္ဒဖော်ထုတ်တင်ပြပိုင်ခွင့်ရှိတယ်ဆိုတဲ့ အချက် ကြောင့် အခုကျမှ ပြောခွင့်ရတယ်ဆိုတဲ့ အသံစုံ၊ အကြောင်းအရာစုံ ပွင့်ထွက်လာတဲ့ သဘောလို့ ကျွန်တော်ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖေဖော်ဝါရီလအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်ပြီး မွန်အမျိုးသား နိုင်ငံရေးသမားတချို့ရဲ့ပြောစကား ဗိုလ်ချုပ်အောင်ဆန်းကို မကြိုက်တာမဟုတ်ဘူး။ မုန်းတာလည်း မဟုတ်ပါဘူးတဲ့။ မိမိလူမျိုးရဲ့ အမျိုးသားလက္ခဏာတစ်ခုခုအမည်တပ် မှည့်ခေါ်ပေးစေချင်တဲ့သဘော နဲ့ ပြောနေခြင်းဖြစ်တယ်လို့ပြောနေကြတယ်။ ဒါစဉ်းစားစရာအချက်တော့ဖြစ်ပါတယ်။ ဒါပေမဲ့ ဖြစ်မလာရင် လူထုအုံကြွမှုဆိုတဲ့ ရည်ရွယ်ချက်အထိ ပြောဆိုမှုက မလုပ်သင့်ပါဘူးလို့ သက်ဆိုင်သူများ ကို အကြံပြုလိုပါတယ်။ နောက်ပြီး တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဖြစ်တဲ့ ဒီမိုကရေစီယဉ်ကျေးမှုနည်းကို လည်းဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြည်နယ်သားများအနေ ဖြင့် အစိုးရကို အကြပ်ရိုက်ထိပ်တိုက်ဖြစ်စေတဲ့ဖြစ်စဉ်မျိုး အတတ်နိုင်ဆုံး လောလောဆယ်မဖြစ် အောင် ရှောင်ကြဉ်ကြရအောင် လက်ရှိနိုင်ငံရဲ့နိုင်ငံရေးအခြေအနေနဲ့ ငြိမ်းချမ်းမှုဖြစ်စဉ်ဟာ အားလုံး သိတဲ့အတိုင်း ထိလွယ်ရှလွယ်ဖြစ်နေဆဲကာလဖြစ်တဲ့အတွက် ယင်းလုပ်ရပ်အပေါ် မထင်မှတ်တဲ့ ပယောဂအမျိုးမျိုးဝင်လာခဲ့ရင် ဦးတည်ချက်လမ်းကြောင်း လွဲသွားမှာကိုလည်း ကျွန်တော်တို့ ပြည်နယ်

သားများ များစွာစဉ်းစားသင့်ပါကြောင်း၊ နောက်ပြီး မွန်ပြည်နယ်နှင့် နောက်ထပ် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရမှ ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းများ များစွာရှိနေဦးမယ် လို့ ယုံကြည်ပါသဖြင့် နောက်ဆက်လုပ်မယ့် အဆောက်အအုံများ၌ မိမိလူမျိုးအမျိုးသားလက္ခဏာများ ကို မှည့်ခေါ်နိုင်ရန်၊ ပြည်ထောင်စုအစိုးရမှလည်း စီစဉ်ပေးနိုင်ရန် နှစ်ဖက်အတွက် အခွင့်အရေး များစွာ ရှိပါသေးကြောင်း ဆန္ဒဖော်ထုတ်ကြသောပြည်နယ်သားများကို အားပေးအကြံပြုလိုပါတယ်။

အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့အဆိုနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရမှ စီစဉ်ဆောင်ရွက်ပေးပြီးဖြစ်သောကိစ္စ ဖြစ်ပါသဖြင့် အားလုံးနားလည်ခွင့်လွှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်စေသင့်ကြောင်း အကြံပြု ရင်း အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ အဆိုရှင်ဖြစ်တဲ့ ဒေါ်မိကွန်ချမ်းရဲ့ အဆိုကို ဘာကြောင့်ထောက်ခံရသလဲဆိုတာကို ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ သံလွင်မြစ်ကာ တိဗက်ပြည်မှာရှိတဲ့ ဒမ်ကုလားဆိုတဲ့ ရေခဲတောင်မှာစပြီး မြစ်ဖျားခံပါတယ်။ အနောက်ကနေ အရှေ့ကို စီးပါတယ်။ မြောက်လတ္တီတွဒ် ၃၀ ဒီဂရီရောက်တော့မှ တရုတ်ပြည်က နေပြီးတော့မှ မြန်မာပြည်ဘက်ကို စီးဆင်းလာပြီးတော့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကယား ပြည်နယ်ထဲမှာဆိုလို့ရှိရင် ထိုင်းနိုင်ငံနှင့် နယ်စပ်မြစ်ဖြစ်လာပြီးတော့ အဲဒီကမှတစ်ဆင့် ကရင်ပြည်နယ်၊ ကရင်ပြည်နယ်မှတစ်ဆင့် မွန်ပြည်နယ်ကို စီးဝင်လာပြီးတော့ ၁၇ ဒီဂရီ မြောက်လတ္တီတွဒ် ၁၆.၅ ဒီဂရီ အရောက်မှာတော့ မော်လမြိုင်မြစ်နဲ့ နမ့်တီဆိုပြီးတော့မှ မြစ်နှစ်မွှာကွဲပြီးတော့ ပင်လယ်ထဲ စီးဝင် ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီတံတားကြီးကို ပြန်လေ့လာကြည့်ရင် တိုတာ၊ ရှည်တာ ပြဿနာ မရှိပါဘူး။ အင်မတန်မှ ဂုဏ်ဒြပ်ကြီးမားတဲ့ ဝိသေသထူးတဲ့ သံလွင်မြစ်ကြီးဟာ ကမ္ဘာ့အရှည်ဆုံး မြစ်တွေရဲ့ နံပါတ်(၇) ဖြစ်ပါတယ်။ ပင်လယ်ဘက်ကနေဝင်မယ်ဆိုရင်လည်း ဒီတံတားကြီးဟာ နံပါတ် (၁)ပါ။ ဒါကြောင့် မီတာ ၅၀၀၀ ရှိသော်လည်းပဲ အလွန်တရာမှ အရေးပါအရာရောက်တဲ့ နေရာမှာရှိနေ တဲ့အတွက်ကြောင့် တစ်ကြောင်း နောက်ကျွန်တော်တို့ သူ့တင်ပြချက်အရ အကျိုးအကြောင်းခိုင်/မခိုင်

**မူကြမ်း**

လေးကို ထပ်လေ့လာပါတယ်။ ကျွန်တော်တို့က ယခုအချိန်မှာ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နေခြင်းဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့စိတ်ဓာတ်တွေကို နောင်လာနောက်သားတွေမမေ့သွားဖို့လို့ ထောက်ပြထားပါတယ်။ နောင်လာနောက်သားမှ မဟုတ်ပါဘူး။ လက်ရှိကျွန်တော်တို့က မမေ့သင့်တဲ့အရာပါ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ရပ်နဲ့စိတ်ဓာတ်တွေကို ပြန်လေ့လာကြည့်ရင် အလွန်တရာမှ အံ့သြချီးကျူးစရာကောင်းပါတယ်။ သမီးလေးအတွက်ပေးဖို့ ကလေးနားကပ်ကလေးတောင် မအေမှာတောင်းရတဲ့လူမျိုး။ သူ့ကိုချစ်လွန်းလို့လေးစားလွန်းလို့ စော်ဘွားကြီးတစ်ယောက်ကလာပေးတဲ့ရွှေကို ပိဿာချိန်အလိုက် တိုင်းပြည်ကိုပြန်အပ်တဲ့လူမျိုးပါ။ ကိုယ်ကျိုးစွန့် အနစ်နာခံတဲ့စိတ်မျိုး သူ့လိုစိတ်ဓာတ်မျိုးကို သမိုင်းမှာပြန်ကြည့်ရင် သူတစ်ယောက်ပဲ ရှိတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက သူဟာအမျိုးသားခေါင်းဆောင်ဖြစ်တယ်။ လွတ်လပ်ရေးရဲ့ ဗိသုကာဖြစ်တယ်။ တပ်မတော်ကြီးရဲ့ ဖခင်ဖြစ်တယ်လို့ ဒေါ်မိကွန်ချမ်းက ထောက်ပြထားပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့အခြေခံဥပဒေပုဒ်မ ၂၀(က)နဲ့ (ဃ) မှာ လက်ရှိကျွန်တော်တို့က ဘာကို တည်ဆောက်နေသလဲဆိုရင် တပ်မတော်ဟာပြည်သူတစ်ရပ်လုံးပါဝင်တဲ့၊ ခေတ်မီပြီးအင်အားတောင့် တင်းတဲ့၊ နိုင်ငံရဲ့လုံခြုံရေးနဲ့ကာကွယ်ရေးကို တာဝန်ယူမည့် တစ်ခုတည်းသောမျိုးချစ်တပ်မတော် ဖြစ်ရမယ်လို့ ဆိုထားပါတယ်။ အဲဒီလိုဖြစ်ဖို့ဟာ တပ်မတော်ချည်းပဲ တာဝန်မရှိပါဘူး။ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးပါဝင်ဖို့အတွက် တိုင်းရင်းသားပြည်သူနဲ့လူထုတစ်ရပ်လုံးက ပါဝင်ဖို့လိုပါတယ်။ အဲဒီလို လိုဖို့အတွက်ကိုလည်းပဲ ဘယ်လိုစိတ်ဓာတ်မျိုးတွေနဲ့ သွားရမည်ဆိုတာကို ဗိုလ်ချုပ်အောင်ဆန်းကနေပြီးတော့ မိန့်ခွန်းတစ်ရပ်ပြောပြီးတော့ မီးမောင်းထိုးပြထားတာ ရှိပါတယ်။ ၁၉၄၄ ခုနှစ် မင်္ဂလာဒုံ ဗိုလ်သင်တန်းဆင်းပွဲမှာ ပြောခဲ့တဲ့မိန့်ခွန်းတစ်ရပ် ဖြစ်ပါတယ်။ ဒီမိန့်ခွန်းကို ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်ကစပြီးတော့ မှေးမှိန်ကွယ်ပျောက်ထားတယ်လို့တောင်မှ ဝါရင့်၊ နိုင်ငံရင့် အကဲဖြတ်သမားတွေက ပြောကြပါတယ်။ အဲဒီတော့ ဒီမေးခွန်းကောက်နုတ်ချက်ကလေးကို ကျွန်တော်အနည်းအကျဉ်းထုတ်ပြီး ဖတ်ပြချင်ပါတယ်။ ဒီတပ်မတော်သည်လူတစ်ဦး တစ်ယောက် အတွက်တစ်ဖွဲ့တစ်ပါတီ၊ လူတစ်စုအတွက်တည်ထောင်ထားတာ မဟုတ်ဘူး။ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက်ဖြစ်တယ်။ တကယ့်သစ္စာဖြစ်ရမယ်။ နောက်တစ်နေရာမှာတော့ လူမျိုးနဲ့နိုင်ငံရဲ့ အကျိုးကို ဆန့်ကျင်တဲ့အကြီးအမှူးတွေဟာ ကြာကြာမနေနိုင်ပါဘူး။ အချိန်တန်တဲ့အခါ ပြုတ်ကြမှာပဲ။

နောက်တစ်ခုက နိုပွန်ကပြန်လာလို့၊ စစ်ကြောင်းဆင်းမို့လို့၊ ရှေ့ကအနစ်နာခံဖို့လို့ဆိုပြီးတော့ ယခုအခါ အလုပ်ကောင်းကောင်းမလုပ်ရင် ဘယ်သူမှ တတ်မှာမဟုတ်ဘူး။ ဒါတွေက တပ်မတော်ရော၊ ပါတီရော၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရော ကျွန်တော်တို့ လက်ရှိကစပြီးတော့မှ ပြောင်းလဲသွားရမည့် စိတ်ဓာတ်ကောင်းတွေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံကိုချစ်သူတိုင်း နောင်လာနောက်သားမှမဟုတ်ပါဘူး။ ကျွန်တော်တို့ အားလုံးဟာ ဒီလိုစိတ်ဓာတ်ကောင်းတွေနဲ့ တိုင်းပြည်ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်သွားကြရမှာ ဖြစ်တဲ့အတွက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားတွေကို မလေးစားသော သူဘယ်သူမှမရှိပါဘူး။ လေးစားသောသူတိုင်းသည်လည်းပဲ ဒီလိုအမည်ပေးတာကို ကန့်ကွက်ဖို့မရှိ ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် အင်ဂျန်းယန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းတင်သွင်းသော သံလွင်မြစ်ကိုဖြတ်၍ မော်လမြိုင်မြို့နဲ့ချောင်းဆုံ မြို့နယ်ကို ဆက်သွယ်ထားသောတံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးရန်အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးအကြံပြုသွားပါမယ်။

ဥက္ကဋ္ဌကြီးနဲ့ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လွတ်လပ်ရေး ဖခင်ကြီးများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအကျိုး၊ ကမ္ဘာ့လူသားအကျိုးပြုသူများကို နည်းလမ်း အမျိုးမျိုးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ထားကြသည်ကို တွေ့မြင်နိုင်ပါသည်။ ထို့အတူ ကျွန်တော်တို့ နိုင်ငံတွင်လည်း လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်အောင်ဆန်းကို နည်းအမျိုးမျိုးဖြင့် ဂုဏ်ပြုမှတ်တမ်း တင်ထားကြပြီးဖြစ်သလို တင်ထားနေဆဲလည်းဖြစ်ပါသည်။ ယခုအခါ မွန်ပြည်နယ် ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က သံလွင်မြစ်ကိုဖြတ်၍ မော်လမြိုင်မြို့နဲ့ချောင်းဆုံမြို့နယ်ကို ဆက်သွယ်ထားသောတံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟုအမည်ပေးနိုင်ရန် အစိုးရကို

တိုက်တွန်းကြောင်းအဆိုကိုတင်ထားပါသည်။ အဆိုရှင်၏ရည်ရွယ်ချက်သည် ကောင်းမွန်ပါသော်လည်း ဒေသခံမွန်တိုင်းရင်းသားများ သဘောတူညီနိုင်မှုမရှိကြောင်း ကြားသိနေရပါသည်။ မည်သည့်အချက်ကြောင့် သဘောတူညီမှုမရနိုင်ခြင်းကိုလည်း လေ့လာသိရှိရန်လိုအပ်မည်ဟုယူဆပါသည်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသောနိုင်ငံဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားများ၏ဆန္ဒသဘောကိုလည်း ထည့်သွင်းစဉ်းစားပေးရပါမည်။ လက်ရှိနိုင်ငံတော်အစိုးရမှ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်၌ ဒေသခံတိုင်းရင်းများ၏သဘောတူညီချက်မရရှိသေးချိန် နိုင်ငံတော်မှအတင်းအကြပ်ဆောင်ရွက်ရမယ့်ကိစ္စဟုတ်/ မဟုတ်၊ တံတားအမည်ပညာပေးဂုဏ်ပြုခြင်းသည် မဖြစ်မနေဆောင်ရွက်မယ့်ကိစ္စရပ်ဖြစ်မဖြစ် နိုင်ငံတော်ပြုပြင်တည်ဆောက်ရေးတွင် အထောက်အကူပြုနိုင်ခြင်းရှိ/မရှိ အထူးအလေးထားဆောင်ရွက်သင့်သည်ဟုယူဆပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍ မွန်ဒေသခံများ၏ဆန္ဒသဘောထားမပါဘဲ ပြည်သူ့လွှတ်တော်မှ အတည်ပြုသတ်မှတ်လိုက်မည်ဆိုပါက မွန်တိုင်းရင်းသားများသာမက ကျန်တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်၊ ယုံကြည်ချက်၊ ချစ်ခင်ရင်းနှီးမှုကိုလည်း မှေးမှိန်ကွာဝေးသွားနိုင်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထူးအားနည်းသွားစေနိုင်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရန်ရည်ရွယ်ချိန်၌ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေချိန်တွင် တံတားအမည်ပေးခြင်းကိစ္စဖြင့် နိုင်ငံသားများ၏သဘောထားကို မကွဲလွဲစေလိုပါ။ အပေါ်စီးမှအသာယူခြင်းမျိုးကို တတ်နိုင်သမျှရှောင်ရှားပြီး ညှိနှိုင်းတိုင်ပင်ခြင်းအလေ့အထကိုလည်းကျင့်သုံးသင့်ပြီဟုယုံကြည်ပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ပြီး တိုင်းဒေသပြည်နယ်များသို့ လုပ်ပိုင်ခွင့်ကိုပိုမိုအပ်နှင်းပေးသင့်သည်ဟုယူဆပါသည်။ လွှတ်တော်၏ဆောင်ပုဒ်နဲ့လည်း သိပ်မကွဲလွဲစေလိုပါ။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတွင် ယခင်အစိုးရအာဏာပိုင်များမှ ဒေသခံပြည်သူများ၏ ဆန္ဒသဘောထားကိုပစ်ပယ်ပြီး ဆုံးဖြတ်ဆောင်ရွက်မှုများကြောင့် ယနေ့တိုင် ဒေသခံပြည်သူများ၏ ကန့်ကွက်မှုခံရကာ ပြဿနာများကိုဖြေရှင်းနေရဆဲဖြစ်သည်ကိုလည်း သတိမမေ့စေလိုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းသည်မြန်မာတွင်သာမက ကမ္ဘာတွင်လည်းထွန်းတောက်ပြောင်လက်ပြီး မြန်မာ့သမိုင်း၊ ကမ္ဘာသမိုင်းနဲ့အတူ ရှင်သန်နေမည်သာ

ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲရေးကို အထူးသတိထားဆောင်ရွက်နေချိန် ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ သဘောထားကိုဆန့်ကျင်ပြီး ဆောင်ရွက်ရန်သင့်/မသင့် အထူးစဉ်းစားသင့်ပါသည်။ ဒေသခံပြည်သူများ၏သဘောတူညီမှုမရရှိသေးချိန်တွင် ဆိုင်းငံ့ထားခြင်း ဖြင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနဲ့ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သော ပြဿနာများကို ရှောင်ရှားသွားနိုင်မည်ဟုယူဆပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာဖြစ်ပြီး ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း တင်သွင်းသွားတဲ့အဆိုရဲ့ရည်ရွယ်ချက်တွေကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလို ဗိုလ်ချုပ်အောင်ဆန်းဟာ လူမျိုးတစ်မျိုး၊ ဒေသတစ်ခုရဲ့ခေါင်းဆောင် မဟုတ်ဘဲ တစ်နိုင်ငံလုံးရဲ့ခေါင်းဆောင်ဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်ဖြစ်ခဲ့ရတဲ့ အကြောင်း အရင်းကလည်း ကိုလိုနီနယ်ချဲ့စနစ်အောက်က ပြည်မနဲ့တောင်တန်းဒေသပူးပေါင်းပြီး တစ်နိုင်ငံလုံးရဲ့ လွတ်လပ်ရေးကိုရယူပေးတဲ့အတွက် အမျိုးသားခေါင်းဆောင်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ကိုက်ညီခဲ့ပါတယ်။ အရှေ့ကအဆိုရှင်တွေ တင်ပြသွားသလိုမြန်မာနိုင်ငံမှာ တံတားအစင်းစင်းဆောက်လုပ်ခဲ့ပါတယ်။ တံတားနာမည်ပေးခြင်းဟာ ထိုစဉ်ကအစိုးရကပေးခဲ့ခြင်းမျိုးဖြစ်ပါတယ်။ အဲဒီအချိန်တွေတုန်းကတော့ အဲဒီတံတားအမည်တွေနဲ့ပတ်သက်ပြီး ဗလမင်းထင်၊ ဗိုလ်မြတ်ထွန်းစသည်ဖြင့် ကန့်ကွက်မယ့်သူ မရှိခဲ့ပါဘူး။ တံတားကသေးသေးကြီးကြီး ဘယ်သူမှကန့်ကွက်မယ့်သူမရှိခဲ့ပါဘူး။ အခုအချိန်မှ ဒီတံတားနာမည်နဲ့ပတ်သက်ပြီး ကန့်ကွက်ရခြင်းဟာ နိုင်ငံရေးပယောဂဖြစ်တဲ့အတွက် လွှတ်တော် အတွင်းမှာ ဆွေးနွေးရခြင်းအကြောင်းဖြစ်တယ်လို့ ဥက္ကဋ္ဌကြီးကိုတင်ပြပြရစေ။

ဒီနေရာမှာ ပြည်သူ့အသံကိုရယူဖို့ဆိုတာ ပြည်သူ့အစိုးရအနေနဲ့ အင်မတန်မှန်ပါတယ်။ ဒါပေမဲ့ တံတားရဲ့နာမည်အတွက် ချောင်းဆုံ၊ မော်လမြိုင် သို့မဟုတ် မွန်ပြည်နယ် ဒါမှမဟုတ် မြစ်ကြောင်း တစ်လျှောက်ရှိတဲ့ အခြားပြည်နယ်တွေ တစ်နိုင်ငံလုံးအတိုင်းအတာ၊ ပြည်သူ့ဆန္ဒရယူဖို့ဆိုတာ

အင်မတန်မှခက်ခဲပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးပိုင်ခွင့်လည်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တန်းတူညီမျှ ပညာရေး တစ်နည်းအားဖြင့် ကိုလိုနီပညာရေး၊ ကျွန်ပညာရေးလက်အောက်မှလွတ်မြောက်အောင် ကြံဆောင်ခဲ့သူကျောင်းသားခေါင်းဆောင် မောင်အောင်ဆန်းလည်းဖြစ်ပါတယ်။ နိုင်ငံရေးခေါင်းဆောင် သခင်အောင်ဆန်းလည်း ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ရဲ့ ခေါင်းဆောင်၊ ထိုအချိန်က တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ခဲ့တဲ့ ပြည်ထောင်စုတပ်မတော်ရဲ့ဖခင်လည်းဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးလမ်းစ ဖြစ်တဲ့ ပင်လုံညီလာခံမှာလက်မှတ်ရေးထိုးခဲ့တဲ့ ဦးအောင်ဆန်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ အမျိုးသားခေါင်းဆောင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ လွတ်လပ်တဲ့အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမယ့်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်တဲ့ပြဋ္ဌာန်းချက်တွေ၊ တောင်တန်းဒေသနဲ့ ကရင်ပြည်နယ်များအပါအဝင် မြန်မာနိုင်ငံတော်သူနိုင်ငံသားအားလုံးရဲ့ကိုယ်စားလှယ်များဟာ တိုင်းသူပြည်သားတို့ရဲ့အာသီသဆန္ဒနဲ့လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲရန်အတွက် ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ ရန်ကုန်မြို့မှာကျင်းပခဲ့တဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ အရေးကြီးတဲ့လမ်းညွှန်မှုခုနစ်ချက်ကိုချမှတ်ခဲ့ပါတယ်။ အဲဒီလမ်းညွှန်မှုခုနစ်ချက်အနက် နံပါတ်(၂)အချက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် သတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အညီအမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာရရှိစေရမည်။ နံပါတ်(၃) အချုပ်အခြာအာဏာပိုင်လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့်အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှသည် တိုင်းသူပြည်သားတို့ထံမှဆင်းသက်စေရမည်။ နံပါတ်(၅) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိရမည်လို့ ချမှတ်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ဆန္ဒကို သိရှိလေးစားတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ရဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ မသမာသူလူတစ်စုကြောင့် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ပြီးတဲ့နောက် ဖက်ဒရယ်

ပြည်ထောင်စုတည်ထောင်လိုချက်တွေဟာ၊ လမ်းညွှန်ချက်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ဝိညာဉ်ချုပ်ငြိမ်းသွားပါတယ်။ ဒီကနေ့ ဒီအချိန်မှာ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်သူတွေက ကြောက်ရွံ့နေသလဲ။ ဘယ်သူတွေက လိုချင်နေသလဲ။ ကြည့် အဲဒါဟာ လိုချင်နေတဲ့သူတွေဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံရိပ်၊ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့တဲ့ လမ်းညွှန်မှုတွေအပေါ်မှာ မူတည်ပြီးတော့ ရှေ့ဆက်ပြီး ဖက်ဒရယ်ပြည်ထောင်စုမူတွေကို ဆက်လက်စဉ်းစားခဲ့ကြတာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂုဏ်ရည်တွေကို အဲလိုတင်ပြနေရတာဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့နာမည်ကြောင့် ဘယ်တိုင်းရင်းသား၊ ဘယ်လူမျိုးစုမှသွေးမကွဲစေနိုင်ပါဘူး။ ပိုပြီးစည်းလုံးခိုင်မာလာစေပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုတာဟာ၊ ပြည်ထောင်စု စိတ်ဓာတ်ဆိုတာဟာ ဒေသ၊ လူမျိုး၊ ကိုးကွယ်တဲ့ဘာသာအခြေမခံပါဘူး။ ငြိမ်းချမ်းရေးကိုသာအခြေခံပါတယ်။ တရားဥပဒေစိုးမိုးမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံပါတယ်။ အဆိုရှင်တင်ပြခဲ့သလိုပဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့နာမည်ဂုဏ်သတင်းဟာ ရည်ရွယ်ချက်ရှိရှိ ဖျောက်ဖျက်ခံခဲ့ရပါတယ်။ မူလတန်းဖတ်စာ၊ ငွေစက္ကူ၊ အာဇာနည်နေ့အထိ မှေးမှိန်ခဲ့ရတဲ့ရက်တွေရှိခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ T-Shirt ကိုဝတ်လို့အဖမ်းခံရတာတွေ၊ အာဇာနည်နေ့မှာ ချီတက်အလေးပြုလို့ အဖမ်းခံခဲ့ရတာတွေရှိခဲ့ပြီး သမိုင်းမှန်တွေညိုးငယ်ခဲ့ရပါတယ်။ အမှန်တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းဟာ အမှန်တရားရဲ့ ပြရုပ်၊ အာဏာရှင်ကိုတွန်းလှန်ခဲ့တဲ့ပြရုပ်၊ စည်းလုံးညီညွတ်ရေးရဲ့ပြရုပ် ဖြစ်ပါတယ်။ ၈၈၈၈ အရေးတော်ပုံကြီးမှာ ဗိုလ်ချုပ်အောင်ဆန်းပုံကိုကိုင်ပြီး ဆန္ဒပြခဲ့တဲ့ပြည်သူလူထုတွေ၊ ရဟန်းရှင်လူ၊ ကျောင်းသားထုတွေကိုကြည့်ရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမှန်တရားပြရုပ်ကို အထင်းသားသိရှိနိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အကယ်၍ တံတားတစ်စင်းသာ ဗိုလ်ချုပ်အောင်ဆန်းနာမည်ဆိုရင် အဲဒီတံတားဟာ တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်းကူးတဲ့ သာမန်တံတားအဆင့်မဟုတ်ဘဲ အမှားတရားကနေ အမှန်တရားဘက်ကိုကူးတဲ့တံတားပဲ ဖြစ်ပါလိမ့်မယ်။ အာဏာရှင်စနစ်ကနေ ပြည်ထောင်စုစနစ်ဆီကူးတဲ့ တံတားပဲဖြစ်ပါလိမ့်မယ်။ ဖိနှိပ်ခံရတဲ့ တိုင်းရင်းသားအခွင့်အရေးတွေကနေ တန်းတူညီမျှပြည်ထောင်စုနိုင်ငံသားအခွင့်အရေးဆီ ကူးတဲ့ တံတားဖြစ်ပါလိမ့်မယ်လို့ တင်ပြရင်းနိဂုံးချုပ်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းတင်သွင်းခဲ့တဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်ထိုးထားတဲ့ တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ပထမဦးစွာ ကျွန်မအနေနဲ့ ဒီအဆိုကို မဆွေးနွေးခင်မှာ မွန်ပြည်နယ်သူ/ပြည်နယ်သားများအတွက် များစွာဂုဏ်ယူမိတဲ့အကြောင်းကို ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူ့အစိုးရတက်ပြီးနောက်ပိုင်း ပထမဦးဆုံး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမည်နာမကို မှည့်ခေါ်ခွင့်ရလို့ပဲ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံမှာ သူရဲကောင်းနာမည်မျိုးစုံနဲ့ မှည့်ခေါ်ထားတဲ့ တံတားများစွာဟာ နိုင်ငံအနှံ့မှာရှိပါတယ်။ ဒါပေမဲ့ အဲဒီခေတ်တုန်းက ဗိုလ်ချုပ်အောင်ဆန်းနာမည်၊ ဗိုလ်ချုပ်အကြောင်းမဆိုထားနဲ့ ဗိုလ်ချုပ်ရဲ့ဓာတ်ပုံကိုတောင် မိမိရဲ့နေအိမ်မှာ ရဲရဲဝံ့ဝံ့ချိတ်ခွင့်မရခဲ့ပါဘူး။ ဗိုလ်ချုပ်ကို မေ့မှိန်အောင် အမျိုးမျိုးပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့် အခု မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်သို့ ချိတ်ဆက်ထားတဲ့ သံလွင်မြစ်ပေါ်ထိုးထားတဲ့ တံတားအမည်ကို ဗိုလ်ချုပ်အောင်ဆန်းအမည်ပေးမည်ဟု ကြားသိရတဲ့အခါမှာ ဒေသခံများကိုယ်စား များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း လေးလေးနက်နက် ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မဒီအဆိုကို ထောက်ခံရတဲ့အကြောင်းအရင်းကတော့ ယနေ့အချိန်အခါဟာ ငြိမ်းချမ်းရေးအတွက် အလွန်အမင်းအရေးကြီးနေတဲ့အချိန်အခါလည်းဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းရေးမရခဲ့တဲ့အတွက် နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ဒဏ်ကို ခံစားရတာ တစ်နိုင်ငံလုံး အတိုင်းအတာပဲဖြစ်ပါတယ်။ အပေါ်ယံကိုကြည့်မယ်ဆိုရင် တိုက်ပွဲတွေဖြစ်နေတဲ့ဒေသတွေမှာသာ ထိခိုက်တာပဲမြင်ရပေမဲ့ တကယ်တော့ ကျွန်မတို့တစ်နိုင်ငံလုံးအတိုင်းအတာ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်း စသဖြင့် အဘက်ဘက်မှာကျဆင်းခဲ့ပါတယ်။ လူနေမှုအဆင့်အတန်းမှာလည်း နိမ့်ကျသည်ထက်နိမ့်ကျခဲ့ပါတယ်။ အာဏာရှင်စနစ်ဆိုးအောက်မှာ ဖိနှိပ်မှုအမျိုးမျိုးခံရတာကတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ဘယ်တိုင်းရင်းသားမှမလွတ်ခဲ့ပါဘူး။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင့်။ ဒါ့ထက်အဆိုးဆုံးကိစ္စကတော့ ကျွန်မတို့နိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ် တဖြည်းဖြည်းလျော့ပါးလာတာပဲ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရခိုင်တိုင်းရင်းသူတစ်ယောက်ဖြစ်ပေမဲ့လည်း အခုတိုက်ပွဲတွေဖြစ်နေတဲ့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် ဒေသမှ ပြည်သူတွေနဲ့ ထပ်တူနီးပါးခံစားရပါတယ်။ ရခိုင်တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားတဲ့ ရခိုင် တိုင်းရင်းသူဖြစ်ပေမဲ့ ဒီနေရာမှာ ရှမ်းတိုင်းရင်းသား၊ ကချင်တိုင်းရင်းသား နီးတူခံစားရတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံသားတစ်ယောက်ပဲဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုပဲ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ခံစားနေရတဲ့ နယ်စပ်ဖြတ်ကျော်ပြဿနာ တွေ၊ လုံခြုံမှုအားနည်းနေတဲ့ပြဿနာတွေကိုလည်း မြန်မာတစ်နိုင်ငံလုံးက ကျွန်မတို့နည်းတူ ခံစား ပေးမယ်ဆိုတာကို ယုံကြည်ပါတယ်။ ဒါဟာ ကျွန်မတို့လိုချင်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ နောက်တစ်ခါ ဗိုလ်ချုပ်ရဲ့မိန့်ခွန်းမှာလည်း ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ရှိရမယ်ဆိုတာကို ပြောခဲ့တာတွေရှိပါတယ်။ ပင်လုံစိတ်ဓာတ်ဟာ မဟာလူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့အမျိုးသားရေး ဝါဒကို ဖယ်ရှားပြီးတော့ တိုင်းရင်းသားလူမျိုးများအချင်းချင်းကြားမှာရှိနေတဲ့ လူမျိုးကြီး၊ လူမျိုးငယ် စသဖြင့် ပုံစံအားလုံးကို ဖယ်ရှားနိုင်တဲ့စိတ်ဓာတ်ပဲဖြစ်ပါတယ်ရှင်။ ပြည်ထောင်စုနဲ့ တိုင်းရင်းသား ပြည်နယ်များရဲ့ နိုင်ငံသားအဖြစ် အသိအမှတ်ပြုတဲ့နေရာမှာလည်း ဘာသာကိုးကွယ်မှု၊ လူမျိုးနွယ်စု အပေါ်မှာ မူတည်မှုမရှိမှသာလျှင် ကျွန်မတို့ ယခုကြိုးစားလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းသောဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံဖြစ်လာမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေနဲ့ပြောရရင် ကျွန်မတို့တိုင်းရင်းသားတွေဟာ ပြည်ထောင်စု စိတ်ဓာတ်အပြည့်ရှိဖို့ လိုအပ်ပါတယ်။ ကျွန်မတို့တိုင်းရင်းသားတွေဟာ ဖြူစင်တယ်၊ ရိုးသားတယ်၊ ယုံလွယ်ကြတယ်၊ ဒီအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲမယ့်အကြံကို သတိရှိရှိတွန်းလှန်ဖို့အချိန်အခါလည်း ဖြစ်ပါတယ်ရှင့်။ ဒါကြောင့် ပြည်ထောင်စုရဲ့ပြုရုပ်၊ လွတ်လပ်ရေး ရဲ့ဗိသုကာ၊ ဖက်ဒရယ်ပြည်ထောင်စုကို မျိုးစေ့ချပေးတဲ့သူ ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုရင်း ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါ

တယ်ရှင်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအဆိုကိုမဆွေးနွေးခင်မှာ အဆိုရှင်မွန်အမျိုးသမီး ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းရဲ့ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှုနဲ့ နိုင်ငံရေးသတိချပ်နေမှုတို့ကို အထူးအလေးအနက် ဂုဏ်ယူစွာပြောကြားလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ယနေ့လိုမျိုး လွှတ်တော်ကြီးထဲမှာ လွတ်လပ်စွာဆွေးနွေးနိုင်ခွင့်၊ ငြင်းခုံနိုင်ခွင့်ရခဲ့ခြင်းဟာ အတိတ်သမိုင်းနေ့ရက်များဆီက လူမသိသူမသိ ရုန်းကန်ခဲ့ကြတဲ့သူတွေ ကြောင့်ဆိုတာ ကျွန်မတို့ လေးလေးနက်နက်လက်ခံရမှာဖြစ်သလို ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရသော်လည်းကောင်း၊ ငြိမ်းစုစီးဥပဒေရဲ့ပေးထားချက်အရသော်လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာမှာ ကောင်းမွန်တဲ့အခြေခံကျတဲ့ ယဉ်ကျေးမှု ဖြစ်တဲ့အတွက် ဝမ်းမြောက်စွာအမြင်မတူ ကွဲပြားမှုများကို ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်က နောင်လာနောက်သားတွေအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်အတွက် လွတ်လပ်ရေးရအောင် အောင်ဆန်းအက်တလီစာချုပ်ကြီးပေါ်ပေါက်လာအောင် ကြိုးစားခဲ့ပြီး တိုင်းရင်းသားသွေးစည်းညီညွတ်ရေးအတွက် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆို နိုင်ခဲ့တဲ့လူထုခေါင်းဆောင်၊ တိုင်းရင်းသားအားလုံးရဲ့ခေါင်းဆောင်၊ တပ်မတော်ရဲ့ဖခင်ကြီးဖြစ်ခဲ့တာကို အမှတ်ရစေလိုတဲ့ရည်ရွယ်ချက်ကြောင့်လို့ အတိအလင်းဆိုထားတဲ့အတွက် လေးနက်ကျယ်ပြန့်စွာ တွေးတောစဉ်းစားပါက သာမန်အဆိုတစ်ရပ်မဟုတ်ဘဲနဲ့ နိုင်ငံရေးအရ ယနေ့မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး အခြေအနေအရပ်ရပ်များကြောင့် နိုင်ငံရေးအရ ထောက်ခံကိုထောက်ခံရမယ့်အဆိုတစ်ရပ် ဖြစ်ပါတယ် ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံပေါ်မှာထားရှိတဲ့စိတ်ရင်းစေတနာနဲ့ စွမ်းဆောင်ခဲ့ မှုတွေကို ကျွန်မတို့ပြောမယ်ဆိုလို့ရှိရင် ပြောလို့ကုန်နိုင်မှာမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်း စွမ်းဆောင်ခဲ့တဲ့ကိစ္စရပ်တွေထဲကနေ ယနေ့ကျွန်မတို့မျက်မှောက်နိုင်ငံရေးမှာ အကျုံးဝင်နေတဲ့ကိစ္စ တစ်ရပ်ကိုမီးမောင်းထိုးပြရမယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်ပြီးကျင်းပနေတဲ့ (၂၁)ရာစုပင်လုံညီလာခံကြီးရဲ့ မြစ်ဖျားခံရာသမိုင်းအကြောင်းအနည်းငယ် ကို ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်မတို့ ၁၉၄၇ ခုနှစ်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိဖို့ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ရဲ့ကြားထဲမှာ ကျွန်မတို့ အခြေခံမူကြီး(၅)ချက်ကို အတည်ပြုပြီးတော့မှ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တယ်။ ပင်လုံစာချုပ်ကနေဖြစ်ပေါ်လာတဲ့ အကြောင်းအရင်းတွေကို မူတည်ပြီး ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံမူ(၄)ချက်၊

လမ်းညွှန်ချက်(၇)ချက်အပေါ် အခြေခံပြီး ရေးဆွဲဖို့ သဘောတူညီမှုရခဲ့ပါတယ်။ ဒီသဘောတူညီချက်ကနေ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ထောင်ရန်အချိန်စတင်ခဲ့ပေမဲ့ ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို မသမာသူလူတစ်စုရဲ့လုပ်ကြံသတ်ဖြတ်ခြင်းခံရတဲ့နောက်မှာ ကျွန်မတို့နိုင်ငံကြီးရဲ့ကံကြမ္မာ၊ ကျွန်မတို့ပြည်ထောင်စုတိုင်းရင်းသားများအားလုံးရဲ့ကံကြမ္မာဟာ ဆိုးရွားစွာမီးမှောင်ကျခဲ့ရပါတယ်။ ဒ့ါအပြင် ကျွန်မတို့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုပြီး နိုင်ငံမှာဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းခဲ့ပေမဲ့ မိခင်ဥပဒေတွေရေးဆွဲကျင့်သုံးခဲ့ကြပေမဲ့ အတိတ်သမိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်များတို့ မျိုးစေ့ချခဲ့တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို မတည်ဆောက်နိုင်သေးဘူးဆိုတာ ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ပါပဲရှင်။ ဆိုးမွေအနေနဲ့ ကျွန်မတို့ ပြည်တွင်းစစ်မီးကြီးတောက်လောင်ခဲ့ရပြီး နိုင်ငံရဲ့အနာဂတ်၊ မျိုးဆက်သစ်များရဲ့အနာဂတ် မရေမရာမသေချာစွာရှင်သန်နေရတယ်ဆိုတာ နေ့စဉ်မြင်တွေ့ကြားသိနေရပါတယ်။ ကျွန်မတို့က အတိတ်ကိုထာဝရမဖက်တွယ်သင့်နေပေမဲ့ သင်ခန်းစာတွေယူပြီး ရှေ့ဆက်ရမှာဖြစ်ပါတယ်။ သင်ခန်းစာတွေယူပြီး ကျွန်မတို့ပစ္စုပ္ပန်ကိုကောင်းမွန်စွာအသုံးချမယ်။ ကောင်းမွန်စွာအသုံးချနိုင်မှသာ အနာဂတ်မှာသေချာမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်ပဲ ကျွန်မတို့ မြန်မာနိုင်ငံသူ/နိုင်ငံသားများဟာ နိုင်ငံရေးအရ ညီညီညွတ်ညွတ် ရုန်းကန်ခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကြီးကနေ ပြည်သူ့အစိုးရတစ်ရပ်ကို ရွေးချယ်တင်မြှောက်နိုင်ပြီး ကျွန်မတို့အစိုးရတစ်ရပ်မှလည်း နိုင်ငံကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်မယ်လို့ အတိအလင်းကြေညာခဲ့တာဖြစ်ပါတယ်။ ဒီလိုကြေညာခဲ့သလို လက်တွေ့လုပ်ဆောင်မှုများကိုလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ မျိုးစေ့ချခဲ့တဲ့လိုလားတဲ့ နိုင်ငံတော်ကြီးကိုတည်ဆောက်ဖို့ (၂၁) ရာစုပင်လုံညီလာခံကြီးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဗိုလ်ချုပ်အောင်ဆန်းကို ဘာ့ကြောင့်သတိရနေသလဲ။ အောက်မေ့နေသလဲဆိုတာကို အနည်းငယ်တင်ပြရမယ်ဆိုရင် ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၄ အရ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်လို့ အတိအလင်းပြဋ္ဌာန်းထားသလို ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်၊ ကျွန်မတို့အမျိုးသားများ

ရဲ့ အနာဂတ်၊ ကျွန်မတို့မျိုးဆက်သစ်များရဲ့အနာဂတ်၊ လုံခြုံမှုရှိတဲ့၊ အာမခံချက်ရှိတဲ့ နိုင်ငံရေးစနစ် တစ်ရပ်ကို ပေါ်ထွန်းအောင် ကြိုးစားဖို့ရာ မိမိတို့တစ်ဦးစီ၊ တစ်ဦးစီရဲ့တာဝန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုတစ်ဦးစီ တစ်ဦးစီရဲ့တာဝန်ကို ထမ်းဆောင်တဲ့အခါမှာ သူတစ်လူ ငါတစ်မင်း နဲ့ချီတက်နေမယ်ဆိုရင် နွားကွဲလျှင် ကျားဆွဲမယ်ဆိုတဲ့စကားပုံအတိုင်း၊ ဥပဒေဘောင်အတွင်းမှ ချောက်ထဲကျဖို့ လတ်တစ်လုံးအလိုတွင် ကယ်တင်သွားမည့်သူများ အသင့်စောင့်ဆိုင်းနေတယ်ဆိုတာ ကို ကျွန်မတို့ အထူးသတိချပ်ရမယ့်အချိန်ဖြစ်တဲ့အတွက် စနစ်တစ်ခုကို တော်လှန်ဖို့ရာယုံကြည်မှုကို အခြေခံပြီး စုစည်းညီညွတ်မှုအားနဲ့ ချီတက်ရမယ့်အချိန်အခါဖြစ်ပါတယ်ရှင်။ ဒီအကြောင်းအချက်များ ဟာ ယနေ့မျက်မှောက်ခေတ်နိုင်ငံရေးအတွက် မရှိမဖြစ်၊ စွမ်းအားကြီးတဲ့လက်နက်အဖြစ် ဗိုလ်ချုပ် အောင်ဆန်းရဲ့အမည်နာမကို ဂုဏ်ပြုခြင်း၊ လူမျိုးကြီးဝါဒသွတ်သွင်းခြင်း အစရှိတဲ့ တွေးခေါ်မြော်မြင်မှု တွေကို ကျော်လွှန်ပြီးတော့မှ ကျွန်မတို့ဟာ တော်လှန်ရေးတစ်ခုကို ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ယုံကြည်မှုကိုအခြေခံပြီး စုစည်းညီညွတ်မှုအားနဲ့ တိုက်ပွဲဝင်ခဲ့တဲ့ စိတ်ဓာတ်နှင့်စွမ်းဆောင်နိုင်မှုကို အောက်မေ့သတိရစေပြီး လက်တွေ့လုပ်ဆောင်ဖို့ အချိန်အခါ ဖြစ်တယ်ဆိုတာကိုလည်း လေးလေး နက်နက် ထောက်ခံပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ကိုယ်စားလှယ်များဟာ ပြည်သူ့အကြိုက်၊ လူထုအကြိုက်၊ ချစ်ခြင်း၊ မုန်းခြင်းကို အခြေတည်ပြီးတော့ ပြည်သူ့အလိုကျ တင်ဆက်ရမည့်သူများမဟုတ်ပါဘူး။ နိုင်ငံရေးအရ ရပ်တည်သင့်တဲ့အရာများကို နိုင်ငံရေးအရ ရဲရဲရင့်ရင့် ရပ်တည်ခြင်းကသာ နိုင်ငံရေးသမားကောင်း တစ်ယောက်ရဲ့ ကျင့်ဝတ်ဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ အဆိုရှင်မှ နောင်လာနောက်သားများ အရေးကြိုတွေးထားသလို ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များ ထားရှိခဲ့ကြတဲ့ ပင်လုံကတိကဝတ်၊ မူရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ပင်လုံစာချုပ်ငြိမ်းချမ်းရေးဖက်ဒရယ်ရဲ့အယူအဆမှာ တွေ၊ ပင်လုံစိတ်ဓာတ်နဲ့အနာဂတ်မြန်မာ့နိုင်ငံရေး အစရှိတဲ့ အကြောင်းတရားများကို ကျွန်မတို့ လက်လှမ်းမီနိုင်ပြီလားဆိုတာကို စဉ်းစားခြင်းကပင်လျှင် ယနေ့ဗိုလ်ချုပ်အောင်ဆန်းအမည်ဖြင့် တံတားပေးရခြင်းသည် မရှိမဖြစ်ပေးသင့်တဲ့ကိစ္စ၊ လုပ်သင့်တဲ့ကိစ္စဖြစ်တယ်ဆိုတာကို အလေးအနက် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။(ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ဓနု၊ ပအိုဝ်း၊ တောင်ရိုး၊ ပလောင်၊ ထနော့စတဲ့ တိုင်းရင်းသားလူမျိုးစုများ မှီတင်းနေထိုင်ရာ ရှမ်း ပြည်နယ်၊ ကလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင် ဖြစ်ပါတယ်။ သံလွင်မြစ်ကိုဖြတ်ပြီး မော်လမြိုင်မြို့နှင့်ချောင်းဆုံမြို့နယ်ကို ဆက်သွယ်ပေးမည့်တံတားကို ဗိုလ်ချုပ် အောင်ဆန်းအမည်ပေးမှုနှင့်ပတ်သက်ပြီး အငြင်းပွားမှုဟာ ယခုအခါမှာဆိုရင် ပြည်သူ့လွှတ်တော် အတွင်းသို့ ရောက်ရှိလာခဲ့ပါတယ်။ ဒီပြဿနာဟာ သာမန်အမည်ပေးမှု ပြဿနာမဟုတ်တော့ဘဲ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးအရ ပုံဖျက်နေတာရယ်၊ လူမျိုးရေးမကျေနပ်ချက်အဖြစ် ပုံဖော်နေ တာရယ်၊ အရေးကြီးဆုံးအားဖြင့် တိုင်းရင်းသားများလျှောက်လှမ်းရမည့် ဖက်ဒရယ်ခရီးလမ်းဟာ ရှည်လျားစွာကျန်ရှိနေသေးတာရယ်ကြောင့် ဒီအဆိုမှာပါဝင်ဆွေးနွေးရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပင်လုံစာချုပ်မှာ ထူးခြားတာရှိပါတယ်။ လက်မှတ်ရေးထိုးသူ စုစုပေါင်း ၂၃ ဦးရှိတဲ့အနက် ၂၂ ဦးဟာ တောင်တန်းဒေသကဖြစ်ပြီး Burma Proper လို့ခေါ်တဲ့ ပြည်မကိုကိုယ်စားပြုပြီး လက်မှတ်ရေးထိုးတာမှာ ဗိုလ်ချုပ်တစ်ဦးတည်းဖြစ်ပါ တယ်။ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကို လူမျိုးရေး ရှုထောင့်ကပြောရရင် ဗမာလူမျိုးကို ကိုယ်စားပြုပြီးဗိုလ်ချုပ်အနေနဲ့ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါ တယ်။ တစ်နည်းပြောရရင် ဗမာလူထုကိုယ်စား တာဝန်ခံခဲ့ခြင်းဆိုလည်း မမှားပါဘူး။ ရလဒ်အနေနဲ့ ကိုလိုနီခေတ်လွန် နိုင်ငံတော်သစ်တစ်ခု ပေါ်ထွန်းလာခဲ့သလို ဗမာလူမျိုးစုနှင့် ကျန်တိုင်းရင်းသား လူမျိုးစုများအကြား နိုင်ငံရေးအရ တန်းတူညီမျှရေးဆိုတဲ့ အတွေးအခေါ်ကိုလည်း တည်ဆောက်နိုင်ခဲ့ ပါတယ်။ ဒါဟာ လူမျိုးကြီးငယ်မဟူ နိုင်ငံရေးအရအဆက်အဆံပြုရမယ့် ဖြတ်ထုံးတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ပင်လုံစာချုပ်လို့ ဆိုလိုက်ရင် စာချုပ်ပါစာသားများထက် စာချုပ်ချုပ်ဆိုဖို့ ကြိုးစားခဲ့စဉ်က နှစ်ဦးနှစ်ဖက် ထားရှိခဲ့တဲ့ သဘောထားများကို ပိုမို၍အလေးပေး ပြောဆိုနေကြတာ တွေ့ရပါတယ်။ ပင်လုံစိတ်ဓာတ် လို့ညွှန်းဆိုကြပါတယ်။ ပင်လုံစိတ်ဓာတ်ဆိုပြီး ဗိုလ်ချုပ်ပြောဆိုရေးသားခဲ့တာတွေ ကနေ ကိုးကားလာခဲ့ကြတာ ယနေ့ထက်တိုင်ပဲ ဖြစ်ပါတယ်။ အဲဒီတော့ လူမျိုးရေးအရပြောရရင် ကျွန်မတို့ တိုင်းရင်းသားတွေနိုင်ငံရေးအရ တန်တူညီမျှရှိရေးအတွက် ပင်လုံကိုအကြောင်းပြုပြီး

အကြွေးတောင်းသလို နိုင်ငံရေးကြွေးတောင်းပိုင်ခွင့်ရှိခဲ့တာဟာ ဗမာကိုယ်စားပြု ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျန်တိုင်းရင်းသားခေါင်းဆောင်တွေအကြား နားလည်သဘောပေါက်မှုပုံစေကြောင့်ဆိုတာ ဘယ်သူမှငြင်းလို့မရပါဘူး။ ဗိုလ်ချုပ်ပေးခဲ့တဲ့ နိုင်ငံရေး ဖြတ်ထုံးကြောင့်ပင် လူနည်းစုအခွင့်အရေးရပိုင်ခွင့်နဲ့ တိုင်းရင်းသားများ နိုင်ငံရေးအရ တန်းတူညီမျှရှိရမည်ဆိုတဲ့ နိုင်ငံရေးသဘောတရားကို သီးခြားသက်သေပြစရာ မလိုတော့ပါဘူး။ ဒါဟာတိုင်းရင်းသားတွေနဲ့ ဗိုလ်ချုပ်အကြားက အလွန်ခိုင်ခံ့စွာချည်နှောင်ထားခဲ့တဲ့ မေတ္တာကြိုးဖြစ်သလို ကျွန်မတို့ တိုင်းရင်းသားတွေအားလုံး ဗိုလ်ချုပ်အပေါ်တင်ရှိနေတဲ့ နိုင်ငံရေးကျေးဇူးကြွေးလည်း ဖြစ်ပါတယ်။ နိုင်ငံရေးဖြစ်စဉ်ဆိုတာ သမိုင်းဖြစ်စဉ်ရဲ့အစိတ်အပိုင်းတစ်ခုပါပဲ။ သမိုင်းဖြစ်စဉ်လိုပါပဲ နိုင်ငံရေးဖြစ်စဉ်သည်လည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်ရတာပါ။ တော်လှန်ရေးဆိုတာ တကယ်တော့ အဆင့်ဆင့်ပြောင်းလဲမှုဖြစ်စဉ်ရဲ့ နောက်ဆုံးအဆင့်ဖြစ်တယ်လို့ဆိုပါတယ်။ ပြောင်းလဲမှုဖြစ်စဉ်ရဲ့ ရင်ကျက်လာတဲ့အစိတ်အပိုင်းဖြစ်ပါတယ်။ ဒါကြောင့် အဆင့်ဆင့်ပြောင်းလဲမှု ဖြစ်စဉ်ဆိုတာ တနည်းအားဖြင့် အခြေခံအကြောင်းတရားများ တည်ဆောက်ရယူတာမဟုတ်ပါလားရှင်။ ဒါဟာသဘာဝတရားပါ။ ဒီသဘာဝတရားကို ရှင်းရှင်းလင်းလင်းနားလည် သဘောပေါက်ကြမယ်ဆိုရင် ဗိုလ်ချုပ်ဟာ သူ့ခေတ်၊ သူ့အခါ၊ သူ့နိုင်ငံရေး အကွင်းအကွက်ထဲမှာ တိုင်းရင်းသားများအားလုံးအတွက် နိုင်ငံရေးအရ ဖန်တီးတည်ဆောက်ပေးခဲ့တာကို မြင်တွေ့ကြည့်၊ ခံစားကြည့်လို့ရပါတယ်။ ကျွန်မတို့ကိုယ်၌လည်း ကျွန်မတို့လိုချင်တဲ့ ဒီမိုခရက်တစ်ဖက်ဒရယ်ပြည်ထောင်စုအတွက် နိုင်ငံရေးအကြောင်းတရားတွေကို အခက်အခဲ၊ အကြပ်အတည်းပေါင်းများစွာကြားက ဖန်တီးရယူနေရတာ အားလုံးအသိဖြစ်ပါတယ်။ ဒါကိုမရှုစိတ်နိုင်တဲ့ တစ်ဖက်စွန်းအမျိုးသားဝါဒီတွေဖြစ်တဲ့ အာဏာရှင် အတွေးအခေါ်ရှိသူတွေဟာ အခြေအနေတစ်ခုကိုအကြောင်းပြုပြီး သဘောတရားအစာမကြေတဲ့ နှစ်ဖက်နိုင်ငံရေးသမားတွေကို မြှောက်ပေးကာရန်ဖြစ်ခိုင်းပါတယ်။ ပြည်သူတွေဟာအသိမဲ့ပါလာရပါတယ်။ ဒီကိစ္စမှာဆိုရင် လူမှုရေးစာမျက်နှာတွေပေါ်မှာ ဖတ်ရဲစရာမရှိလောက်အောင်အပြန်အလှန်ရေးသားနေကြတာ အားလုံးအသိဖြစ်ပါတယ်။ အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ ကျွန်မတို့ဟာ ဘယ်လူမျိုးကြီးဝါဒကိုမှ လက်မခံသလို အမြင်ကျဉ်းမြောင်းတဲ့လူမျိုးရေး အတွေးတွေကိုလည်း ကြိုးစားတိုက်ထုတ်ရပါမယ်။ ကျွန်မတို့အားလုံး နိုင်ငံရေးသတိရှိဖို့လိုပါတယ်။ အာဏာရှင်အတွေးအခေါ်ကို ယူမှာလား၊ အာဏာရှင်အတွေးအခေါ်ကို တော်လှန်မှာလား ရွေးချယ်ကြရပါလိမ့်မယ်။ ယခုအဆိုကို ထောက်ခံခြင်း၊ မထောက်ခံခြင်းဟာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘော

ဆန္ဒသာဖြစ်ပါတယ်။ သို့သော် ကျွန်မတစ်ခုပြောလိုပါတယ်။ ဗမာပိုင်နက်ထဲမှာဖြစ်စေ၊ ဒါမှမဟုတ် တိုင်းရင်းသားဒေသတစ်ခုခုမှာဖြစ်စေ ဗိုလ်ချုပ်အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ခြင်းဟာ နိုင်ငံရေး အရကော၊ လူမှုရေးအရပါ ထိုက်တန်မှုရှိတယ်ဆိုတာ ခိုင်ခိုင်မာမာယုံကြည်ကြောင်းပြောလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းကနေပြီးတော့ တင်သွင်းတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားတဲ့တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်းမှာ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ အဆောက်အဦတွေကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာ ပေ ၁၈၀ နှင့်အထက်တံတားကြီးများ အစင်းရေ ၅၀၀ ကျော်အထိ တည်ဆောက်ခဲ့ပြီးလည်း ဖြစ်ပါ တယ်။ အဓိကအားဖြင့် မြန်မာနိုင်ငံ မြောက်ကနေ တောင်ကို ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် စတဲ့ မြစ်ကြီးလေးသွယ်အပေါ်မှာ တံတားကြီးများကို ပြည်သူများ ဖြတ်သန်းသွားလာအသုံးပြုနိုင်ရန်အတွက် တည်ဆောက်လျက်ရှိပါတယ်။ တံတားများဟာ

ဆိုရင် များသောအားဖြင့် ပြည်သူများအကြားမှာ အထင်ကရအဆောက်အအုံကြီးများအဖြစ် တည်ရှိနေသည့်အားလျော်စွာ ဝန်ကြီးဌာနအနေနဲ့ ပြည်သူများလွယ်လင့်တကူ မှတ်သား၊ လမ်းညွှန်အသုံးပြုနိုင်ရန်အတွက် အများအကျိုးငှာ တံတားအမည်များအားလည်း လိုအပ်သလိုသတ်မှတ်ပေးလျက်ရှိပါတယ်။ တံတားအမည်များသတ်မှတ်ရာမှာဆိုရင် မြစ်ကိုအခြေခံတဲ့ တံတားတည်ရာမြို့ကြီးများ၊ ရွာကြီးများကိုအစွဲပြုပြီးသော်လည်းကောင်း သတ်မှတ်ပေးလေ့ရှိပါတယ်။ ထင်ရှားတဲ့ နမူနာတချို့ဆိုရင် ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(မကွေး)၊ ချင်းတွင်းတံတား(မုံရွာ)၊ သံလွင်တံတား(ဘားအံ)၊ သံလွင်တံတား(မော်လမြိုင်)၊ သံလွင်တံတား(ဖားဆောင်း)၊ စစ်တောင်းတံတား(မုပ္ပလင်)၊ စစ်တောင်းတံတား(ရွှေကျင်-မဒေါက်) စသဖြင့် ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အတွက် ထူးခြားပြောင်မြောက်စွာ၊ နိုင်ငံ့တာဝန်ကျေပွန်စွာထမ်းဆောင်ကြတဲ့ သူရဲကောင်းကြီးများ၊ ခေါင်းဆောင်ကောင်းများရဲ့အမည်များဖြင့်လည်း သတ်မှတ်ပေးလေ့ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့်တံတားများအနက်ကနေပြီးတော့ မြစ်ကြီးနားမြို့အနီးမှာဆိုရင် တည်ရှိတဲ့တံတားကို ဗလမင်းထင်ဟူ၍လည်းကောင်း၊ ချောက်မြို့အနီးမှာတည်ရှိသောတံတားကို အနော်ရထာတံတားဟူ၍လည်းကောင်း၊ ညောင်တုန်းမြို့အနီးမှာတည်ရှိတဲ့တံတားကို ဗိုလ်မြတ်ထွန်းတံတားဟူ၍လည်းကောင်း အမည်ပေးခဲ့ပါတယ်။ ချင်းတွင်းမြစ်ကိုဖြတ်ပြီးတော့ တည်ဆောက်ထားတဲ့တံတားများအနက် ချောင်းဦးမြို့နယ်နှင့်ရေစကြိုမြို့နယ်ကို ဖြတ်သန်းတည်ဆောက်ထားတဲ့တံတားကိုဆိုရင်လည်း ဆင်ဖြူရှင်တံတားဟူ၍လည်းကောင်း အမည်ပေးခဲ့ပါတယ်။ ဒါ့အပြင် နဝဒေးတံတား၊ ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတား၊ မဟာဗန္ဓုလတံတားစသည့် တံတားကြီးများကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းဟာဆိုရင် ပင်လယ်အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ သံလွင်မြစ်ကိုဖြတ်သန်းပြီးတော့ မော်လမြိုင်မြို့နှင့်မြန်မာနိုင်ငံရဲ့ အဓိကကျွန်းကြီးတစ်ကျွန်းဖြစ်တဲ့ ဘီးလူးကျွန်းဒေသ ချောင်းဆုံမြို့ကို ဆက်သွယ်ရန်တည်ဆောက်နေသော တံတားစီမံကိန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပင်လယ်ဝဒေသမှာ ပထမဦးဆုံးတည်ဆောက်သောတံတားဖြစ်ပြီးတော့ ရေရှည်တည်တံ့ခိုင်ခံ့စွာအသုံးပြုနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီနိုင်ရန်အတွက် စီမံဆောင်ရွက်ခဲ့ရပါတယ်။ ချောင်းဆုံ(ဘီလူးကျွန်းဒေသ) ချောင်းဆုံမြို့နယ်ဟာဆိုရင်လည်း ၈၅၈ စတုရန်းကီလိုမီတာခန့်ကျယ်ဝန်းပြီးတော့ စင်ကာပူနိုင်ငံဟာဆိုရင် ၇၁၉.၁

စတုရန်းကီလိုမီတာ ကျယ်ဝန်းတဲ့အတွက် စင်ကာပူထက်ပင် ပိုမိုကျယ်ဝန်းသောကျွန်းဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအချက်အလက်များအရဆိုရင် ဘီလူးကျွန်း ဒေသမှာ လူဦးရေ ၁၂၂၀၈၉ ဦးခန့် နေထိုင်လျက်ရှိပါတယ်။ ဘီလူးကျွန်းဒေသမှာဆိုရင် စိုက်ပျိုးမြေ ဧကပေါင်းလည်း ၆၀၀၀၀ ကျော်တည်ရှိပြီးတော့ ရွာလွတ်ကျေးရွာဟာဆိုရင် ဒေသထွက်ကုန်များဖြစ်တဲ့ ဆေးတံ၊ ကျောက်သင်ပုန်းများအပြင် အခြားသော လက်မှုပညာထုတ်ကုန်များကြောင့် ကျော်ကြား လူသိများပြီးတော့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်တဲ့နေရာတစ်ခုလည်း ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒနှင့်အညီ အနာဂတ်ကာလမှာဆိုရင် ဘီလူးကျွန်းဒေသသည် ဆက်သွယ်ရေး လမ်းကြောင်းများပွင့်လင်းလာမှုအပေါ်မှာ အမှီပြုပြီးတော့ ပင်လယ်ဆိပ်ကမ်းနှင့် ၎င်းနှင့်ဆက်စပ်တဲ့ ကုန်စည်ထုတ်လုပ်မှုနှင့် စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ တိုးတက်ထွန်းကားလာနိုင်တဲ့ဒေသဖြစ်ပြီးတော့ ဒေသခံပြည်သူတွေအတွက်လည်း အလုပ်အကိုင်အခွင့် အလမ်းများ တိုးတက်လာရုံမျှသာမကဘဲနဲ့ လူမှုစီးပွားရေးဘဝပါ မြင့်မားလာစေတဲ့ဒေသဖြစ်ပါတယ်။ ဒါကြောင့်မို့ ချောင်းဆုံ မြို့ပြဖွံ့ဖြိုးရေးသဘောတရားပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် JICA တို့ကနေပြီးတော့ ရေးဆွဲဆောင်ရွက်ခဲ့တဲ့ မော်လမြိုင်မြို့၊ မြို့ပြဖွံ့ဖြိုးရေးအဆိုပြုပုံစံနှင့်ဆက်စပ်၍ ဘီလူးကျွန်း(ချောင်းဆုံဒေသ)အား အဆိုပြုသဘောထားပုံစံ (Conceptual Plan) အားလည်း ရေးဆွဲ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့် ဘီလူးကျွန်းဒေသနှင့် မော်လမြိုင်မြို့ကို ဆက်သွယ်သွားလာနိုင်တဲ့ တည်ဆောက်နေသော တံတားကြီးဟာဆိုရင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ တွင်ပင် အထင်ကရတံတားကြီးအဖြစ် တည်ရှိနေမှာဖြစ်ပါတယ်။ မုတ္တမပင်လယ်ကွေ့ရဲ့ အစိတ်အပိုင်း ဖြစ်တဲ့ သံလွင်မြစ်ရဲ့ပင်လယ်ဝကိုဖြတ်သန်းပြီးတော့ (၉)စင်းမြောက်တည်ဆောက်သောတံတားဖြစ်ပြီး တော့ ပထမဆုံးပင်လယ်အစိတ်အပိုင်းတစ်ခုကို ဖြတ်သန်းတည်ဆောက်တဲ့တံတားကြီးလည်း ဖြစ်ပါ တယ်။ ပထမတံတားကို သံလွင်တံတား(မော်လမြိုင်)လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အမည်ပေး သတ်မှတ်ခဲ့ပြီးတော့ ယခုတည်ဆောက်လျက်ရှိသောတံတားကြီးဟာဆိုရင် မြန်မာနိုင်ငံမှာ အဓိက ကျွန်းကြီးတစ်ကျွန်းနှင့် ပြည်နယ်ဆက်သွယ်တည်ဆောက်တဲ့ ဝိသေသထူးခြားသော တံတားကြီး

တစ်စင်းဖြစ်ပါတယ်။ တံတားကြီး၏အရှည်ဟာဆိုရင် ၁၅၈၆ မီတာ၊ ၅၂၀၄ ပေ တစ်မိုင်နီးပါးရှိပြီးတော့ Steel Box Girder၊ Steel Truss(Arch Type)၊ Steel Plate Girder များကို နိုင်ငံတကာအဆင့်မီ အသုံးပြုတဲ့အပြင်ကို မြန်မာနိုင်ငံမှ အင်ဂျင်နီယာများအပြင် ဂျပန်နိုင်ငံမှ တံတားပညာရှင်များနှင့် ပူးပေါင်းပြီးတော့ နိုင်ငံတကာအဆင့်မီ တည်ဆောက်ရေးစနစ်သစ်များကို ကျွမ်းကျင်စွာအသုံးပြု၍ လည်းကောင်း၊ ခေတ်မီစက်ယန္တရားများကိုလည်းကောင်း ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် အလေးထားတည်ဆောက်လျက်ရှိရာ အရည်အသွေးပြည့်မီသောတံတားကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒနှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်နေသော စင်ကာပူနိုင်ငံထက်တောင်ကျယ်ဝန်းပြီးတော့ မြန်မာနိုင်ငံရဲ့အဓိက ကျွန်းကြီးတစ်ကျွန်းဖြစ်တဲ့ ဘီလူးကျွန်းဒေသနှင့် မော်လမြိုင်မြို့ကိုဆက်သွယ်မယ့် အရေးပါသော တံတားကြီးဟာဆိုရင် ကမ္ဘာတွင်သော်လည်းကောင်း၊ မြန်မာတွင်လည်းကောင်း၊ မွန်ပြည်နယ်အတွက်ပါ ဂုဏ်ယူဝမ်းမြောက်စရာ အထင်ကရဖြစ်လာမယ့်တံတားကြီးဖြစ်ပြီးတော့ အောက်ပါရည်ရွယ်ချက်များ၊ အချက်အလက်များနှင့်အညီ တည်ဆောက်ထားခြင်းလည်း ဖြစ်ပါတယ်။ (က) ယခင်တည်ဆောက်ခဲ့ သော တံတားများနှင့်မတူဘဲ မြန်မာနိုင်ငံ၏ ပင်လယ်ဝအစိတ်အပိုင်းဖြစ်သော သံလွင်မြစ်ဝရှိ မုတ္တမ ပင်လယ်ကွေ့အစိတ်အပိုင်းတစ်ခုကို ဖြတ်သန်းပြီးတော့ ကျွန်းကြီးတစ်ကျွန်းနှင့် ပြည်နယ်ကိုဆက်သွယ် တည်ဆောက်ထားသော ပထမဦးဆုံးတံတားဖြစ်ခြင်း၊ (ခ) တိုင်းဒေသကြီး/ပြည်နယ်မခွဲခြားဘဲ သာတူညီမျှ အကျိုးကျေးဇူးရှိစေရန် ဆောင်ရွက်ပေးထားသောတံတားဖြစ်ခြင်း၊ (ဂ) ပြည်ထောင်စု စိတ်ဓာတ်ခိုင်မာတည်မြဲရေးအတွက် ဆောင်ရွက်ခဲ့သောတံတားဖြစ်ခြင်း၊ (ဃ) ဘီလူးကျွန်းဒေသ အတွင်းရှိ နေထိုင်သော ပြည်သူလူထု၏ နှစ်ပေါင်းများစွာမက်ခဲ့သောအိပ်မက်ကို လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ပေးနိုင်တဲ့အပြင် ကမ္ဘာတွင်လည်းကောင်း၊ မြန်မာတွင်လည်းကောင်း၊ မွန်ပြည်နယ်အတွက်လည်းကောင်း အထင်ကရဖြစ်စေတဲ့ တံတားကြီးဖြစ်ခြင်း၊ (င) နိုင်ငံတကာ အဆင့်မီ နောက်ဆုံးပေါ်နည်းပညာအရ တည်ဆောက်ထားသော တံတားစနစ်ဖြင့် ဆောက်လုပ်ထား ခြင်း၊ (စ) နိုင်ငံတကာစံချိန်စံညွှန်းနှင့်အမီ တည်ဆောက်ထားခြင်းနှင့် (ဆ) Quality Management System ဖြင့် ပထမဆုံးတည်ဆောက်ထားသောတံတားဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင်တင်ပြခဲ့တဲ့ရည်ရွယ်ချက်နှင့် အချက်အလက်တွေနှင့်အညီ မြန်မာနိုင်ငံရဲ့ အဓိကကျွန်းကြီးတစ်ကျွန်းဖြစ်တဲ့ ဘီလူးကျွန်းဒေသနှင့် မော်လမြိုင်တို့ကို ဆက်သွယ်တည်ဆောက်ထားတဲ့ ဒီတံတားကြီးဟာဆိုရင် ပြည်သူလူထုရဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာလာစေမှာဖြစ်ပြီးတော့ တံတားကြီးအမည်ကဗ္ဗည်းရေးထိုးရာမှာလည်း ပြည်ထောင်စုစိတ်ဓာတ်ကို မြန်မာနိုင်ငံမှာ စတင်ဖြစ်ပေါ်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီးရဲ့ အမည်နာမနဲ့ထပ်တူပေးတာဟာ သင့်လျော်မွန်မြတ်လှပါတယ်။ ဒီခေတ်အချိန် ဒီအခါသမယမှာ ယခင်တံတားများတည်ဆောက်ခြင်းနှင့်မတူညီဘဲ မြန်မာနိုင်ငံရဲ့ ပင်လယ်အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ သံလွင်မြစ်ဝကိုဖြတ်သန်းပြီးတော့ ရေရှည်တည်တံ့ခိုင်မြဲနိုင်မယ့်တံတားပုံစံဖြင့် တည်ဆောက်ထားခြင်း၊ မွန်ပြည်နယ်တွင်သာမက ကမ္ဘာတွင်ပါ အထင်ကရအဖြစ်မှတ်တမ်းတင်ကျန်ရှိခဲ့မည့်တံတားဖြစ်ခြင်း၊ မြန်မာ့သမိုင်းအဆက်ဆက်တွင် နိုင်ငံတော်ကို စုစည်းတည်ထောင်ခဲ့တဲ့ သူရဲကောင်းများ၊ ခေါင်းဆောင်များရဲ့ အမည်နာမများဖြင့် သတ်မှတ်ခေါ်တွင်စေခဲ့တဲ့ တည်ဆောက်ပြီးတံတားများရဲ့ သာဓကများရှိခြင်း စတဲ့အချက်များကြောင့် မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းမှ တံတားကြီးအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမအဖြစ် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုသည် မိမိဝန်ကြီးဌာန၏ ဖော်ပြပါရည်ရွယ်ချက်များနဲ့ကိုက်ညီမှုရှိနေပါသဖြင့် ယခုတင်သွင်းသောအဆိုအားထောက်ခံပါကြောင်းနှင့် အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ အခုလို ဝိုင်းဝန်းပြီးတော့ ဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီလိုအချိန်အခါမျိုးမှာ ကျွန်မတို့ဗိုလ်ချုပ်ရဲ့အကြောင်းကို၊ သမိုင်းကြောင်းကို မှန်မှန်ကန်ကန်နဲ့ နောင်လာနောက်သားတွေသိအောင် ကျွန်မတို့လွှတ်တော်ကနေပြီးတော့ ပြောခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ရည်ရွယ်ချက်ကောင်းမွန်စွာနဲ့ ကျွန်မတို့ရဲ့မွန်ပြည်နယ်၊ ကျွန်မတို့ရဲ့ဒေသဖွံ့ဖြိုးအောင်စဉ်းစားပေးပြီးတော့ ချမှတ်ပေးတဲ့အတွက်လည်း ကျွန်မကနေပြီးတော့ ဒေသခံတွေရဲ့

ကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်။ ဒီတံတား နာမည်ပေးမှုသည် သာမန်နာမည် ပေးမှု မဟုတ်ပါဘူး။ လွှတ်တော်အထိ ဒီတံတားနာမည်ကို တောင်းဆိုရတယ်ဆိုတာ ကျွန်မတို့ရဲ့ အထင်ကရ ပုဂ္ဂိုလ်၊ ကျွန်မတို့ရဲ့အမျိုးသားခေါင်းဆောင်ရဲ့နာမည်ဖြစ်နေတဲ့အတွက်ကြောင့် ဒီလို လွှတ်တော်မှာ ကျွန်မတို့ ပြောဆိုရခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေအနေနဲ့လည်း ဒါကို ကန့်ကွက် မယ်လို့လည်း ကျွန်မမထင်ပါဘူး။ ကျွန်မတို့နိုင်ငံက အခုသွားနေတဲ့ ကျွန်မတို့ရဲ့ ဖက်ဒရယ် ပြည်ထောင်စု စနစ်ဆိုတဲ့နေရာမှာ ဒီဖက်ဒရယ်ဆိုတဲ့စကားလုံး ပြည်ထောင်စုစိတ်ဓာတ်ဆိုတဲ့ဟာကို ချမှတ်ခဲ့တာ ကျွန်မတို့ရဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပဲဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်တွေ၊ နိုင်ငံတော်လုံခြုံရေးနှင့် စီမံခန့်ခွဲမှုတွေ၊ တန်းတူညီတူမှုတွေ၊ ကျွန်မတို့တွေ လူနည်းစုရဲ့ အခွင့်အရေးကာကွယ်ပေးတာတွေ၊ ဒါတွေက ကျွန်မတို့ရဲ့ဗိုလ်ချုပ်ကြောင့်မို့လို့ ကျွန်မတို့ တွေအခု ရဲရဲဝံ့ဝံ့နဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ ဒီလိုမျိုးနိုင်ငံသစ်နာမည်ကို ကျွန်မတို့ ပြောဆိုလို့ရ တယ်။ ကျွန်မတို့တောင်းဆိုလို့ရတယ်။ ဒါတွေက ကျွန်မတို့ တိုင်းရင်းသားတွေက ပြည်ထောင်စု စိတ်ဓာတ်၊ တကယ့်စိတ်ဓာတ်ကို ကျွန်မတို့က ရှိနေဖို့အရေးကြီးတယ်။ ဒါကြောင့်မို့ အရင်တုန်း ကဆိုရင် ကျွန်မတို့မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ကျွန်မတို့ ဗိုလ်ချုပ်အောင်ဆန်း ကိုဂုဏ်ပြုတဲ့အနေနဲ့ ငွေစက္ကူတွေမှာ ရိုက်နှိပ်ပြီးအသုံးပြုခဲ့ရတယ်။ နောက်ပိုင်းကျတော့ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားတယ်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတွေ၊ ဗိုလ်ချုပ်အောင်ဆန်း နှင့်ပတ်သက်တဲ့ အမှတ်တရတွေဆိုမရှိသလောက်ကို ဖြစ်ခဲ့ရပါတယ်။ အခုအချိန်အနေမှာ ပြန်လည် ပြီးတော့ တောင်းဆိုခွင့်ရတယ်။ ပြန်လည်ပြီးတော့ ဖော်ပြခွင့်ရတဲ့အချိန်မှာ အားလုံးသည် ဗိုလ်ချုပ်ရဲ့ စိတ်ဓာတ်လိုမျိုး ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ကျွန်မတို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ညီညီညွတ်ညွတ်နဲ့ပေါင်းစည်းဖို့အတွက် ဒါအထိန်းအမှတ်တစ်ခုအနေနဲ့ ဂုဏ်ပြုရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးက အတည်ပြုပေးတဲ့အပေါ်မှာ ကျွန်မကနေပြီးတော့ ကျွန်မရဲ့ အဆိုကို အတည်ပြုပေးပါရန် လွှတ်တော်ကနေတစ်ဆင့် ကျွန်မ တောင်းဆိုရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြား

သွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ ဆွေးနွေးပြီးပါပြီ၊ ဆွေးနွေးပြီးပါပြီ။ သဘောမတူသူရှိရင် မဲခွဲပေးမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ဆောက်လုပ်ရေးဝန်ကြီးနှင့်အဆိုရှင်က အဆိုအားအတည်ပြုပေးရန် ဆွေးနွေးခဲ့ပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အဆိုအား မထောက်ခံကြောင်း ကန့်ကွက်ဆွေးနွေးသွားပါတယ်။ ဒါ့ကြောင့် ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန်၊ အတည်မပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ထောက်ခံသူများပါက အဆိုကို အတည်ပြုမှာဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၁၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၄၃ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၁၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်(ကြာသပတေးနေ့)

နေ့လယ် ၁း၃၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ (၁၄.၃.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုဝန်ကြီး



ဒေါ်ခင်မို့မို့အောင်(လသာမဲဆန္ဒနယ်)



ဒေါ်အေးမြမြမိုး (ကျောက်တန်းမဲဆန္ဒနယ်)



ဒေါ်ဇီကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)



ဦးမောင်မောင်ဝင်း(စီမံကိန်းနှင့် ဘဏ္ဍာရေးဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်